PHOTO: NRC

CHAPTER 17 • 2015
EDUCATION

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းနှင့်တူသော နေရာအမျိုးမျိုးကို ရည်ညွှန်းခြင်းဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်စွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်းနေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

အဓိက သတင်းအချက်အလက်များ

- ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေများတွင် ပညာရေးသည် အခြေခံလူ့အခွင့်အရေး တစ်ရပ်ဖြစ်ပြီး အရေးကြီးသော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဆောင်ရွက်ချက်တစ်ခုလည်းဖြစ်ပါသည်။ အရည်အသွေးမီပညာရေးသည် ရွှေ့ပြောင်းနေထိုင်ရသော ကာလအတွင်း မကြာခဏ တွေ့ကြုံရတတ်သည့် အန္တရာယ်များနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်းတို့မှရုပ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးခြင်းဖြင့် အသက်များကို ကယ်တင်နိုင်ပါသည်။ပညာရေးသည် ကလေးများနှင့် ၎င်းတို့၏မိသားစုများအား အသက်ကယ်နိုင်သော သတင်းအချက်အလက်များကိုပေးနိုင်သဖြင့် ရွှေ့ပြောင်းနေထိုင်ရသောကာလအတွင်းမရှိမဖြစ်လိုအပ်သည့် ဆက်လက်ရှင်သန်နိုင်ရေးနှင့် ပြဿနာရင်ဆိုင်ဖြေရှင်းနိုင်သောနည်းလမ်းများကို အားဖြည့်ပေးနိုင်ပါသည်။
- ကျောင်းများနှင့် အခြားသင်ကြားရေးဌာနများသည် စခန်းတွင်းကာကွယ်စောင့်ရှောက်ရေး၊ အာဟာရ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကဲ့သို့အဓိက ထောက်ပံ့ကူညီမှုများအစပြုဝင်ရောက်နိုင်သည့်နေရာများလည်းဖြစ်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲရေးအေဂျင်စီများသည် ဝန်ဆောင်မှုအေဂျင်စီများနှင့်လက်တွဲကာ ကလေးများနှင့် လူငယ်များ ဘေးကင်းလုံခြုံ၍ ကာကွယ်စောင့်ရှောက်မှု ရရှိစေရေး အတွက် ကဏ္ဍစုံမှ ပါဝင်ဆောင်ရွက်ကြရန် အားပေးတိုက်တွန်းသင့်ပြီး ညှိနှိုင်းဆောင်ရွက်နိုင်ရန်လည်း ကူညီပံ့ပိုးပေးသင့်ပါသည်။
- နိုင်ငံအာဏာပိုင်များ၊ ပညာရေးဝန်ဆောင်မှုပေးသူများနှင့် ပညာရေးအစုအဖွဲ့၊ကဏ္ဍတို့နှင့်အတူလက်တွဲလျက် စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် ရွှေ့ပြောင်းနေထိုင်ရသော ကလေးများနှင့် လူငယ်များအတွက်ဒေသခံကျောင်းများတွင်ကျောင်းနေခွင့်ရရှိရန်ဆွေးနွေးညှိနှိုင်းပေးရပါမည်။ သို့မဟုတ်စခန်းများအတွင်းပညာရေးအစီအစဉ်များဆောင်ရွက်ပေးနေကြောင်းသေချာစေရပါမည်။
- စခန်းအတွင်းသင်ကြားရေးဌာနများအားတည်နေရာသတ်မှတ်မှုသည် စခန်းစီမံခန့်ခွဲရေးအေဂျင်စီမှ အဓိကပါဝင်ကြီးကြပ်ရမည့် ဆုံးဖြတ်ချက် ဖြစ်ပါသည်။ နေရာကို ကောင်းစွာရွေးချယ်ခြင်းမရှိဘဲ တည်ထောင်ထားသော ကျောင်းတစ်ကျောင်းသည် ကျောင်းပျက်ခြင်း သို့မဟုတ် ကျောင်းထွက်ခြင်းများကို ဖြစ်စေနိုင်ပြီး ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များ၊ ထိခိုက်ဒဏ်ရာရမှုများ သို့မဟုတ်သေဆုံးခြင်းများအထိပင် ဖြစ်ပေါ်စေနိုင်ပါသည်။
- ရွှေ့ပြောင်းနေရာချထားခံရသည့် ကာလအတွင်း ထိရောက်သောပညာရေးသည် လူထုအားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်မှသာ ဖြစ်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် ရပ်ရွာပညာရေး ကော်မတီများ သို့မဟုတ် မိဘဆရာအသင်းများ သို့မဟုတ် ကျောင်းစီမံခန့်ခွဲရေးအဖွဲ့များ မရှိသေးပါက ဖွဲ့စည်းပြီး ကူညီထောက်ပံ့မှုများ အပြည့်အဝရရှိကာ ပညာရေးဝန်ဆောင်မှုပေးရေးတွင်ပါဝင်ဆောင်ရွက်နိုင်ကြောင်း သေချာပါစေ။
- ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေများတွင် မိန်းကလေးများနှင့် ယောကျ်ားလေးများ၊ လူငယ်အမျိုးသမီး အမျိုးသားများ၊ မသန်စွမ်းကလေးများနှင့်အခြားထိခိုက်လွယ်သောအုပ်စုများသည် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအန္တရာယ်များနှင့် ကြုံတွေ့နိုင်ခြေ ရှိပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ပညာရေးနှင့် အခြားဝန်ဆောင်မှုပေးသူများနှင့် အတူလက်တွဲကာ ကလေးများနှင့် လူငယ်များအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်သေချာစေရန်ဆောင်ရွက်ရပါမည်။ ပညာရေးအတွက်အတားအဆီးများနှင့် ဆက်စပ်နေသော ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များကို ဖော်ထုတ်သတ်မှတ်နိုင်ရန်ကျောင်းတက်နှုန်း၊သင်ယူပြီးမြောက်မှုနှုန်း၊ ကျောင်းပြင်ပကလေးများနှင့် လူငယ်များ စသည်တို့ကို အုပ်စုလိုက်ခွဲခြားကာ စောင့်ကြည့်လေ့လာခြင်းများကို ပံ့မှန်ဆောင်ရွက်ရပါမည်။
- ကျောင်းနေရာဌာနများကို စုစည်းနေထိုင်နေရာ (စခန်း) များအဖြစ်အသုံးပြုခြင်းကို ရှောင်ရှားရပါမည်။ ၎င်းကိုလုံးဝ ရှောင်လွှဲ၍ မရပါက စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် သေချာစေရန်နှင့် အိမ်ရှင်ရပ်ရွာလူထုနှင့် ဆက်ဆံရေးနှင့်ပညာသင်ကြားရေးနေရာဌာနတို့အပေါ် ဆိုးကျိုးသက်ရောက်မှုကို လျှော့ချရန် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရပါမည်။ ကျောင်းပိုင်ပစ္စည်းများကိုဌားရမ်းသည့်အချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည့် ရက်ကို ရှင်းရှင်းလင်းလင်းသတ်မှတ်ပေးကာ ဌားရမ်းရပါမည်။

➔ ပညာရေးအတွက် အနိမ့်ဆုံးစံနှုန်းများ - အရေးပေါ်ကာလပညာရေးအတွက် နိုင်ငံတကာ ကွန်ယက် (INEE)၏ ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်မှုတို့မှာ နိုင်ငံတကာမှ သဘောတူညီထားသည့် စံနှုန်းများဖြစ်ကြပြီး ရွှေ့ပြောင်းနေထိုင်ရသည့်ကာလအတွင်း ဆောင်ရွက်ပေးရမည့် ပညာရေးဆိုင်ရာအရည်အသွေးမီတုံ့ပြန်ဆောင်ရွက်မှုများအတွက် မူဘောင်တစ်ရပ်ကို ပေးထားပါသည်။ နေရာဒေသအလိုက် သဘောတူညီထားသည့် စံနှုန်းများကိုလည်း သင့်တော်သလို ထည့်သွင်းကာINEE ၏ အနိမ့်ဆုံးစံများအားစခန်းတွင်းညှိနှိုင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များတွင် တိကျစွာ ရည်ညွှန်းအသုံးပြုရမည်ဖြစ်သလိုဝန်ဆောင်မှု ပေးသူများက အဆိုပြုလွှာပြုစုရေးသားမှု၊ ရွှေ့ပြောင်းနေထိုင်ကြရသည့် အခြေအနေရှိ ပညာရေးလုပ်ငန်းများအားဆန်းစစ်လေ့လာမှု၊ စီမံကိန်းရေးဆွဲမှု၊ အကောင်အထည်ဖော်မှု၊ စောင့်ကြည့်လေ့လာမှုနှင့် ပြန်လည်သုံးသပ်မှု အဆင့်များအားလုံးတွင်လည်းရည်ညွှန်းကိုးကားဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

မိတ်ဆက်

ပညာရေးသည် ကလေးများနှင့် လူငယ်များအားလုံးအတွက် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ ပဋိပက္ခနှင့် ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာရသော ရွှေ့ပြောင်းနေထိုင်ရသည့် သန်းပေါင်းများစွာသော ကလေးများနှင့် လူငယ်များအတွက် ပညာရေးသည် အထူးပင် အရေးကြီးသော်လည်း အရေးပေါ်အခြေအနေများတွင် ၄င်းတို့၏ ပညာရေးသည်များစွာထိခိုက်လေ့ရှိပါသည်။ ရွှေ့ပြောင်းနေထိုင်ရစဉ်အတွင်းလူထုဝန်ဆောင်မှုများနှင့် ပုံမှန်ထောက်ပံ့ကူညီမှုစနစ်များရပ်ဆိုင်းပြတ်တောက်သွားပါသည်။ ကလေးများနှင့် ၎င်းတို့၏ မိသားစုများသည် လျှင်မြန်စွာ ပြောင်းလဲနေသည့် ကြီးမားသော အန္တရာယ်ကျရောက်နိုင်ခြေများကို ရင်ဆိုင်နေကြရပါသည်။ ပညာရေးသည် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ပြီးအသက်ကယ်နိုင်သည့်၊ ရေရှည်ဘဝရပ်တည်ရေးအတွက် ကူညီပေးနိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သလိုကလေးများနှင့် လူငယ်များအနေဖြင့် နေရပ်ပြန်ခြင်း၊ရောက်ရှိနေသည့် ဒေသတွင်းပင် ပေါင်းစည်းနေထိုင်ခြင်း သို့မဟုတ် အခြားနေရာတစ်ခုတွင် ပြန်လည်နေရာချထားပေးခြင်းများ၌၎င်းတို့၏ ရပ်ရွာလူထုများအတွက်ရေရှည်တည်မြဲသော ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ကူညီဖော်ဆောင်ပေးနိုင်စေပါသည်။ ပညာရေးသည် အရေးပေါ်အခြေအနေတစ်ရပ်၏ ကနဦးအဆင့်များမှသည် ပြန်လည်ထူထောင် ရေးအဆင့်ထိ တိုင်အောင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဘက်စုံတုံ့ပြန်မှုတစ်ရပ်၏အဓိက အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

ပဋိပက္ခနှင့် သဘာဝဘေးဒဏ်ခံ ကလေးသူငယ်များ

"ကမ္ဘာတစ်ဝှမ်းတွင် ကျောင်းပြင်ပကလေးအရေအတွက်သည် ၂၀၀၈ခုနှစ်တွင် သန်း၆၀ရှိရာမှ ၂၀၁၁ခုနှစ်တွင် ၅၇သန်းသို့ကျဆင်းလာပါသည်။ဤသို့ နေးကွေးစွာ တိုးတက်နေမှု၏အကျိုးကျေးဇူးများကိုပင် ပဋိပက္ခဒဏ်ခံနေရသည့် နိုင်ငံများရှိကလေးသူငယ်များ မခံစားကြရပါ။ပညာသင်ကြားခွင့် မရရှိကြသည့်ကလေးများ၏ ၅၀% သည် ထိုဘေးဒဏ်ခံကလေးများဖြစ်ပြီး ၂၀၀၈ခုနှစ်တွင် ၄၈%ရှိခဲ့ရာမှ မြင့်တက်လာခြင်း ဖြစ်ပါသည်။နောက်ထပ်သန်းနှင့်ချီသော ကလေးများနှင့် လူငယ်များသည်နှစ်စဉ်သဘာဝဘေးအန္တရာယ်များကြောင့် ပညာရေးနှင့်ပြတ်တောက်သွားကြရပါသည် ။နောင်လာမည့် ဆယ်စုနှစ်အတွင်း ကလေးသူငယ်၁၇၅သန်းခန့်၏ ပညာရေးသည် နှစ်စဉ်ထိခိုက်နေမည်ဟုမျှော်မှန်းရပြီး ကျောင်းဆက်မတက်နိုင်ခြင်းများကို တွေ့ကြုံရဖွယ်ရှိပါသည်။"

အားလုံးအတွက် ပညာရေး - ကမ္ဘာလုံးဆိုင်ရာစောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာ၊မူဝါဒစာတမ်း၁၀-ကျောင်းနေရန် ကြိုးပမ်းလျက်ရှိကြသော ကလေးသူငယ်များ၊ယူနက်စကို၊ဇူလိုင်လ ၂၀၁၃။

စခန်းအခြေအနေတစ်ခုတွင်ပညာရေးသည်ရှုပ်ပိုင်းဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုကို ပေးနိုင်ပါသည်။ ပညာသင်နေသူများသည် ဘေးကင်းလုံခြုံသော သင်ကြားရေးပတ်ဝန်းကျင်များတွင် ရှိနေပါက ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် ကျားမလူမှုကဏ္ဍကွဲပြားမှုကိုအခြေခံသော အကြမ်းဖက်မှု၊အတင်းအကြပ်သို့မဟုတ် စောစီးစွာ လက်ထပ်ပေးခြင်း သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့များသို့စစ်သားစုဆောင်းခံရမှုတို့ကဲ့သို့သော အခြားအန္တရာယ်များနှင့် ကြုံတွေ့နိုင်ခြေများ လျော့နည်းသွားပါလိမ့်မည်။ပညာရေးသည်ကလေးများအားသင်ကြားရာနေရာအဝန်းအပိုင်းအတွင်း ဘေးကင်းလုံခြုံစွာထိန်းသိမ်းပေးထားသည်သာမကမြေမြှုပ်မိုင်းကဲ့သို့သောအန္တရာယ်အသစ်များနှင့် စခန်းအတွင်း မိမိကိုယ်မိမိမည်ကဲ့သို့ကာကွယ်စောင့်ရှောက်ကာ ဘေးကင်းလုံခြုံစွာနေထိုင်ရမည်ဆိုသည်ကိုလည်း သင်ကြားပေးမည်ဖြစ်ပါသည်။

ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေများတွင် ကလေးများနှင့် ရပ်ရွာလူထုသည် အများအားဖြင့်ပညာရေးကို ဦးစားပေးကြပါသည်။ ပညာရေးသည် ပဋ္ဌိပက္ခ၊ဘေးအန္တရာယ်နှင့် ရွှေ့ပြောင်းနေထိုင်ရမှုတို့ကြောင့်ကလေးများအပေါ် စိတ်ပိုင်းဆိုင်ရာနှင့်လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို လျော့နည်းစေပါသည်။ကျောင်းတက်ခြင်း၊ သူငယ်ချင်းများ၊အားထားယုံကြည်ရသော လူကြီးများနှင့်အတူ လေ့လာသင်ယူနေရခြင်းသည် ကလေးများနှင့် ၎င်းတို့၏မိသားစုများအဖို့ ဖရိုဖရဲဖြစ်ကာ လမ်းပျောက်နေသလို ခံစားရလေ့ရှိသော အခြေအနေတစ်ရပ်တွင် ပုံမှန်လည်ပတ်လုပ်ကိုင်နေမှု၊တည်ငြိမ်မှုနှင့် တည်ဆောက်မှုတို့ ရှိနေသည်ဟူသော ခံစားသိမြင်စိတ်ကိုပြန်လည်ရရှိစေရန် အထောက်အကူပြုပါသည်။

စခန်းများမှ လက်တွေ့ဖြစ်ရပ်များ -ရပ်ရွာလူထုသည် ပညာရေးကို ဦးစားပေးကြသည်

"ကျွန်မတို့ ပိုင်ဆိုင်တာတွေအားလုံးကို ထားပစ်ခဲ့ရတယ်။ကျွန်မတို့နဲ့အတူ ယူဆောင်လာနိုင်တဲ့ တစ်ခုတည်းသော အရာက ကျွန်မတို့ရဲ့ ခေါင်းထဲမှာရှိတဲ့၊ သင်ယူခဲ့ရတဲ့အရာတွေ - ကျွန်မတို့ရဲ့ ပညာရေးပဲဖြစ်ပါတယ်။ ပညာရေးဟာ ကျွန်မတို့ဆီက ယူမသွားနိုင်တဲ့ တစ်ခုတည်းသောအရာပဲဖြစ်ပါတယ်။" အမျိုးသမီးဒုက္ခသည်၊ ဆူဒန်၊ ၂၀၁၄

"လူငယ်တစ်ယောက်အနေနဲ့ ဒုက္ခသည်တွေနဲ့ ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူတွေ နေ့စဉ်ကြုံတွေ့နေရတဲ့ ဆင်းရဲဒုက္ခတွေနဲ့ ပတ်သက်လို့ အချက်အလက်ပြည့်ပြည့်စုံစုံနဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေကို ဘယ်လို ရရှိနိုင်မလဲ။ ရပ်ရွာလူထုဟာ လူငယ်တစ်ယောက်ရဲ့ အသံကို ဘယ်လိုကြားသိနိုင်မလဲ။ ပညာရေးကပဲလူတစ်ယောက်ကို ပြောရေးဆိုခွင့် ရှိစေမှာ ဖြစ်ပါတယ်။ လူငယ်တွေဟာ သူတို့ရဲ့အသံကိုလူတွေ ကြားသိလာအောင် လုပ်ဆောင်နိုင်ဖို့ပညာရေးကိုလိုလားကြတာ ဖြစ်ပါတယ်။မိမိတို့ ရယူပိုင်ဆိုင်လိုတဲ့ လူမှုရေးနှင့် စီးပွားရေးလွတ်လပ်မှုအတွက် လိုအပ်တဲ့ အခြေခံအုတ်မြစ်ကိုပညာရေးက ချပေးပါတယ်။လူငယ်တစ်ယောက်အနေနဲ့ ဆိုလိုချင်တဲ့ တစ်ခုတည်းသော အဓိပ္ပါယ်က `ကျွန်မတို့ လွတ်လပ်ချင်တယ် ´။
အီသီယိုးပီးယား အမျိုးသမီး လူငယ်ဒုက္ခသည်၊ ၂၀၁၀

စခန်းအခြေအနေတစ်ခုတွင် ဆောင်ရွက်ပေးသောပညာရေးလုပ်ငန်းများသည် အခြားအဓိကကျသည့် ဝန်ဆောင်မှုများ အတွက်လည်း အစပြုရာဝင်ပေါက်တစ်ခုအနေဖြင့် လုပ်ဆောင်ပေးနိုင်ပါသည်။ အထူးသဖြင့် ကလေးများ၊လူငယ်များနှင့် ၎င်းတို့ကို ပြုစုစောင့်ရှောက်သူများအတွက် ရည်ရွယ်သည့် ဝန်ဆောင်မှုများ ဖြစ်ပါသည်။ ကလေးများ ဘေးကင်းလုံခြုံရေးကို သေချာစေလျက် အဓိကသတင်းအချက်အလက်များပေးအပ်နိုင်ပြီးကလေးများ၏ ကျန်းမာပျော်ရွှင်မှုကို စောင့်ကြည့်လေ့လာခြင်းဖြင့် ကာကွယ်စောင့်ရှောက်မှု၊ အာဟာရ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို သင်ကြားရေးနေရာဌာနများအား လုံးတွင် လုပ်ဆောင်ပေးသွားနိုင်ပါသည်။

ပညာရေးသည် စခန်းအခြေအနေများအတွင်း ရပ်ရွာလူထုများ၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကိုလည်း အထောက်အကူပြုနိုင်ပါသည်။ အချိန်တိုကာလတွင် ပညာရေးသည်ပဋ္ဌိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြုနိုင်ပါသည်။ အလယ်အလတ်မှ ရေရှည်ကာလများတွင်မူပညာရေးသည် ရွှေ့ပြောင်းနေထိုင်ရသည့်ရပ်ရွာလူထုများအား ၎င်းတို့၏လူမှုအဖွဲ့အစည်းများအား ပြန်လည်ထူထောင်ရာတွင် ပါဝင်ကူညီနိုင်စေမည့် အသိပညာနှင့် ကျွမ်းကျင်မှုများရရှိစေခြင်းဖြင့် ရွှေ့ပြောင်းနေထိုင်ရသူများ၏ ရေရှည်တည်တန့်သည့်ဖြေရှင်းမှု နည်းလမ်း၏ အဓိကကျသောအစိတ်အပိုင်းတစ်ခု ဖြစ်နိုင်ပါသည်။

ပညာရေးသည်ဆိုင်ငံ့ထားရမည့် အရာ မဟုတ်ပါ။ အရေးပေါ်အခြေအနေများတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် လုပ်ငန်းအမြောက်အများကို တာဝန်ယူဆောင်ရွက်နေကြရပြီး အရေးတကြီးဖြစ်သည့်ကိစ္စရပ်အမျိုးမျိုးအတွက် လျင်မြန်စွာတုံ့ပြန်နေကြရပါသည်။ထိုအတွက်ကြောင့်မကြာခဏဆိုသလို ပညာရေးအားရွှေ့ပြောင်းနေထိုင်မှုများ၏ အစပိုင်းအရေးပေါ်အဆင့်တွင် မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုတစ်ခုအဖြစ် သဘောမထားဘဲ ဦးစားပေးရမည့် လုပ်ငန်းထဲ ထည့်သွင်းမထားသည့် အဖြစ်မျိုးသို့ ရောက်ရှိသွားနိုင်ပါသည်။ သို့သော်ပညာရေးသည် ကလေးများနှင့် လူငယ်များကိုဘေးကင်းလုံခြုံစေမှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပြီး ရွှေ့ပြောင်းနေထိုင်သူလူထုထဲမှအန္တရာယ်ကျရောက်လွယ်မှု အရှိဆုံးသူများထံ ရောက်ရှိဝန်ဆောင်ပေးနိုင်ရေးအတွက်အဓိကဝင်ပေါက်တစ်ခုလည်းဖြစ်နိုင်ပါသည်။ ပညာရေးလုပ်ငန်းများကို မနှောင့်နှေး မကြန့်ကြာစေရပါ။

အရေးပေါ် အခြေအနေများအတွင်းမွေးဖွားကြီးပြင်းလာသော ကလေးများ

အောက်စဖို့တက္ကသိုလ်၊ ဒုက္ခသည်များလေ့လာရေးဌာန၏အဆိုအရ ဒုက္ခသည်သို့မဟုတ် ပြည်တွင်နေရပ်စွန့်ခွာနေထိုင်ရသူ (IDP) တစ်ဦး၏ ရွှေ့ပြောင်းနေထိုင်ရသည့်ပျမ်းမျှကာလသည် ယခုအခါ အနှစ် ၂၀သို့ နီးကပ်လာနေပြီဖြစ်ပါသည်။ ဆိုလိုသည်မှာ ကလေးများသည် ဒုက္ခသည်များသို့မဟုတ် IDP များအဖြစ်မွေးဖွားကြီးပြင်းလာကြပြီးအများအပြားသည် စခန်းအခြေအနေတွင် ဖြစ်ပါသည်။ ပညာရေးကို ပံ့ပိုးပေးရန်အတွက် အရေးပေါ် အခြေအနေ ပြီးဆုံးသွားသည်ထိစောင့်ဆိုင်းနေ၍မရပါ။ ရွှေ့ပြောင်းနေထိုင်မှုများ ဖြစ်ပေါ် သည်နှင့် တစ်ပြိုင်နက် စတင်ရပါမည်။

"အန္တရာယ် မဖြစ်စေရေး (Do No Harm)"သဘောတရားသည် လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်နေသူများ အားလုံး၏အဓိကမူတစ်ရပ်ဖြစ်ပါသည်။ အရည်အသွေးမီပညာရေးသည် ကလေးသူငယ်များနှင့် ရပ်ရွာလူထုကို ထောက်ပံ့ကူညီပေးနိုင်ပြီး အခြားလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများပေးရေးကိုလွယ်ကူအောင်ကူညီပေးပါသည်။သို့သော်လည်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အရည်အသွေးညံ့ဖျင်းသော ပညာရေးကြောင့်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ၊ ခွဲခြားဆက်ဆံမှုများ၊ ရိုက်နှက်ဆုံးမအပြစ်ပေးခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာမတော်မတရားပြုခြင်းများပင်လျှင်ဖြစ်ပေါ်လာနိုင်သည်ကို သတိရှိနေရပါမည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအဓိကမူဝါဒများကိုသင်တန်း မရရှိထားသော ဆရာများသည်၎င်းတို့၏အခွင့်အာဏာကို အလွဲသုံးနိုင်ပြီး ကျောင်းသူကျောင်းသားများနှင့် လိင်မှုကိစ္စဆက်ဆံသည်အထိရောက်ရှိသွားနိုင်ပါသည်။ အချို့အုပ်စုများမှ ကလေးများကို ကျောင်းနေခွင့်ရရန်ငြင်းပယ်ခြင်း သို့မဟုတ် ဘက်လိုက်သည့်သင်ကြားရေး အလေ့အထ သို့မဟုတ် သင်ရိုးညွှန်းတမ်းများကြောင့် ပဋိပက္ခများဖြစ်ပေါ်စေနိုင်ပြီးမည်မျှမှုများနှင့် လူမှုရေးတရားမျှတမှုမရှိခြင်းတို့ကိုတိုးပွားစေနိုင်ပါသည်။ အန္တရာယ်ရှိသောနေရာဒေသများကို ဖြတ်သန်းလမ်းလျှောက်၍ ကျောင်းတက်ရမည့်နေရာတွင်သင်ကြားရေးနေရာဌာနကိုတည်ဆောက်ထားခြင်း သို့မဟုတ် ကလေးများကိုအန္တရာယ်များနှင့် ရင်ဆိုင်ထိတွေ့စေခြင်းတို့က ကျောင်းတက်နှုန်းလျော့နည်းစေခြင်းနှင့်ကျောင်းထွက်ခြင်းများကို ဖြစ်ပေါ်စေနိုင်ပြီး အဆိုးဆုံးအနေနှင့်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းတို့ကိုပင် ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့်စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် INEE အနိမ့်ဆုံးစံများတွင် သတ်မှတ်ထားသည့် ကောင်းမွန်သည့် အလေ့အထများနှင့်စံနှုန်းများကိုပြန်လည်သုံးသပ်၍ ဘေးဒဏ်ခံလူထု၊ နိုင်ငံအာဏာပိုင်များ၊ ပညာရေးဝန်ဆောင်မှုပေးသူများနှင့် လက်တွဲကာ စခန်းတွင်းလုပ်ဆောင်ပေးနေသော ပညာရေးအစီအစဉ်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်နေရန် အရေးကြီးပါသည်။

အဓိက အရေးကိစ္စများ

အခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများ

ပညာရေးဝန်ဆောင်မှုပေးသူများမှ တာဝန်ခံယူမှုရှိစေရန်နှင့် ရွှေ့ပြောင်းနေထိုင်ရသူများအတွက် အရည်အသွေးမီ၍အားလုံးပါဝင်သောပညာရေးဝန်ဆောင်မှုကို ပေးနေကြောင်းသေချာစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတွင် အဓိကတာဝန်ရှိနေပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ပညာရေးဝန်ဆောင်မှုပေးရာတွင်ကူညီဆောင်ရွက်ပေးရန်အတွက် အောက်ပါအခန်းကဏ္ဍများနှင့် တာဝန်များကို ထမ်းဆောင်သင့်ပါသည်။

- ➔ ပညာရေးဝန်ဆောင်မှုပေးသည့်အဖွဲ့ကိုဖော်ထုတ်သတ်မှတ်ခြင်း မပြုရသေးသည့်တိုင်ကဏ္ဍစုံအတွက် ကနဦး လိုအပ်ချက်လေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်တွင် ပညာရေးကို ထည့်သွင်းဆောင်ရွက်ကြောင်း သေချာစေရပါမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်၌အဓိကကျသူများ ကိုယ်စားပြုပါဝင်စေရန် သေချာအောင်ဆောင်ရွက်ရမည် ဖြစ်ပြီးလေ့လာဆန်းစစ်မှုမေးခွန်းလွှာသည် အရည်အသွေးရှိ၍ အသက်အရွယ်နှင့်ကျားမအလိုက် အချက်အလက်များကို ခွဲခြားရရှိနိုင်ပြီး ကာကွယ်စောင့်ရှောက်ရေး၊အားလုံးပါဝင်မှုနှင့် ပညာရေးဝန်ဆောင်မှုများဆီလျော်မှုရှိခြင်းတို့ကဲ့သို့သော အဓိကအကြောင်းအရာများ ကိုထင်ဟပ်ဖော်ပြနိုင်ရန် ကူညီပံ့ပိုးပေးရပါမည်။
- ➔ စခန်းညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး(CCCM) အစုအဖွဲ့/ကဏ္ဍဦးဆောင်အေဂျင်စီနှင့်ပူးပေါင်းကာ ရွှေ့ပြောင်းနေထိုင်ရမှု၏ကနဦးအဆင့်များတွင် ပညာရေးဝန်ဆောင်မှုပေးသည့်အဖွဲ့ကိုဆောလျင်စွာဖော်ထုတ်သတ်မှတ်ပါ။ ပညာရေးအေဂျင်စီသည် ပုံမှန်အားဖြင့်နိုင်ငံအာဏာပိုင်များ၊ ပညာရေးဝန်ကြီးဌာန၊ပညာရေးအဖွဲ့အစည်းများနှင့် တရားဝင် သဘောတူညီချက်များ ရယူရမည့်

အဓိကကျသောတာဝန်ကို ထမ်းဆောင်ရပါမည်။

ပညာရေးကဏ္ဍ၏ အစိတ်အပိုင်းအမျိုးမျိုးအတွက် လုပ်ဆောင်သူအမျိုးမျိုး

အချို့သောအခြေအနေများတွင် အရည်အသွေးလိုအပ်ချက်များ ရှိနေခြင်းကြောင့်ပညာရေးစီမံကိန်းတစ်ခု၏ အစိတ်အပိုင်းအမျိုးမျိုးကို စီမံခန့်ခွဲရန် အေဂျင်စီအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်ရန် သင့်လျော်လိုအပ်မည် ဖြစ်ပါသည်။ ဥပမာ အေဂျင်စီတစ်ခုအား သင်ကြားရေးနေရာဌာနများကို ထူထောင်လည်ပတ်ရန် ဖော်ထုတ်သတ်မှတ်ပေးပြီး အတွေ့အကြုံရှိသော အခြားအေဂျင်စီတစ်ခုကိုမူ ဆရာများအား လေ့ကျင့်သင်ကြားပေးရန် တာဝန်ပေးနိုင်ပါသည်။ နောက်ထပ်အေဂျင်စီတစ်ခုမှ သင်ကြားရေးနှင့် သင်ယူရေးအထောက်အကူပစ္စည်းများ ပံ့ပိုးပေးနိုင်ပါသည်။ နောက်တစ်နည်းအနေဖြင့် ဝန်ဆောင်မှုပေးသူတစ်ဦးသည် ရှေးဦးကလေးသူငယ်နှင့် မူလတန်းပညာရေးကို ဦးဆောင်မည်ဖြစ်ပြီး အခြားအေဂျင်စီတစ်ခုမှ အခြေခံပညာရေးကို အလေးထားဆောင်ရွက်ခြင်း ဖြစ်နိုင်ပါသည်။

- နိုင်ငံအာဏာပိုင်များနှင့် ဘေးဒဏ်ခံလူထုများအပါအဝင် ပညာရေးကဏ္ဍ ဆောင်ရွက်သူများအနေနှင့် လုပ်ငန်းအားလုံးကို လုပ်ငန်းများထပ်နေခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများမရှိဘဲ ထိရောက် ကောင်းမွန်စွာလည်ပတ်လုပ်ဆောင်နိုင်စေရန် စခန်းတွင်းညှိနှိုင်းဆောင်ရွက်မှုများကို ထောက်ကူပေးရပါမည်။ အထူးသဖြင့် အေဂျင်စီပေါင်းစုံမှ ပညာရေးဝန်ဆောင်မှုများ ပေးနေခြင်းဖြစ်ပါက စခန်းပညာရေးညှိနှိုင်းကော်မတီ သို့မဟုတ်အခြားပုံစံကျ ညှိနှိုင်းရေးအုပ်စုအား ဖွဲ့စည်းထူထောင်ထားသင့်ပါသည်။
- ပညာရေးဝန်ဆောင်မှုများကို နိုင်ငံတကာနှင့်ဒေသအလိုက် သဘောတူညီထားသော စံနှုန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးရန် ပညာရေးဝန်ဆောင်မှုပေးသူများကို တာဝန်ခံစေရပါမည်။ INEE ၏ အနိမ့်ဆုံးစံများ မူဘောင်ပေါ်တွင် အခြေခံကာစခန်းအခြေအနေနှင့် ကိုက်ညီသည့် စံများကို ဝန်ဆောင်မှုပေးသူများ၊ ရပ်ရွာလူထုများ၊ နိုင်ငံအာဏာပိုင်များနှင့် လက်တွဲကာ ဖော်ထုတ်သတ်မှတ်ပေးပါ။
- အညွှန်းကိန်းများအားသဘောတူသတ်မှတ်ရန်၊လက်လှမ်းမီမှု၊ ကာကွယ်စောင့်ရှောက်မှု၊ ဘေးကင်းလုံခြုံမှုနှင့် သင်ယူတတ်ပြေမာက်မှုရလဒ်များကိုတိုင်းတာရာတွင် လိုအပ်သောအခြေခံအချက်အလက်များ ကောက်ယူရန်နှင့် သဘောတူညီထားသော စံနှုန်းများပြည့်မီကြောင်း သေချာစေရန်အတွက် ပညာရေးတွင် ပါဝင်ပတ်သက်သူများအားလုံးနှင့် လက်တွဲဆောင်ရွက်ပါ။
- ပညာရေးလုပ်ငန်း အစီအစဉ်အားလုံးကို လုပ်ငန်းများထပ်နေခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများမရှိဘဲ ထိရောက်ကောင်းမွန်စွာ လည်ပတ်လုပ်ဆောင်နိုင်စေရန် စခန်းတွင်းညှိနှိုင်းဆောင်ရွက်မှုများကို ထောက်ကူပေးရပါမည်။
- စခန်းတွင်နေထိုင်သူများ တိုးပွားလာခြင်းနှင့် လတ်တလောနှင့် ရေရှည်တွင်ဖြစ်လာနိုင်ဖွယ်ရှိသည့်အခြားဖြစ်ရပ်အခြေအနေများကို ဖြေရှင်းနိုင်မည့် ပညာရေးဆိုင်ရာအရေးပေါ်နှင့် ကြိုတင်ပြင်ဆင်မှုအစီအစဉ်များ ရေးဆွဲမှုကို စောင့်ကြည့်ကြီးကြပ်ပေးပါ။ပညာရေး၏တန်ဖိုးနှင့် အရေးကြီးလိုအပ်မှုတို့အပေါ် လွဲမှားသော ယူဆချက်များကြောင့် လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများက ပညာရေးကိုဦးစားမပေးခဲ့လျှင်၊နိုင်ငံအာဏာပိုင်များမှ ရွှေ့ပြောင်းနေထိုင်ရသူကလေးများကို ဒေသခံကျောင်းများတွင် ကျောင်းနေခွင့်ပေးလိုခြင်း မရှိလျှင် သို့မဟုတ် မစွမ်းဆောင်နိုင်လျှင်၊ ကျောင်းဝင်ခွင့်ရရေးအတွက် ယခင်က ပညာရေးအဆင့်အထောက်အထားများကိုတောင်းဆိုနေလျှင် သို့မဟုတ် ကျောင်းလခများတောင်းခံလျှင်ရွှေ့ပြောင်းနေထိုင်သူလူထု၏ ပညာရေးအတွက်သက်ဆိုင်သူများကို ရှင်းလင်းတင်ပြကာ တိုက်တွန်းဆွေးနွေးပါ။

ကလေးလုပ်သား

ကလေးများ အလုပ်လုပ်နေခြင်း၊ အထူးသဖြင့် ဘေးဥပဒ်အန္တရာယ်အများဆုံး ကျရောက်နိုင်သော အလုပ်များနှင့် ကျောင်းမတက်နိုင်အောင် အဟန့်အတားဖြစ်စေသော အလုပ်များတွင် ကလေးသူငယ်များ ဝင်ရောက်လုပ်ကိုင်နေခြင်းကို တားဆီးကာကွယ်ရန်အတွက်အရေးယူဆောင်ရွက်ရပါမည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ရပ်ရွာလူထုအားသတိကြီးစွာဖြင့် ကိုင်တွယ်ဆောင်ရွက်ရပါမည်။ပညာရေးကိုလက်လှမ်းမီရရှိစေမှုသည် မကြာခဏဆိုသလိုကလေးသူငယ်များအား အန္တရာယ်များသောအလုပ်များနှင့် လုပ်ကိုင်ရစေသည့် ဖိအားများကို ဖယ်ရှားပေးနိုင်ပါသည်။

အမိကဆောင်ရွက်နေသူများအကြားညှိနှိုင်းဆောင်ရွက်ခြင်း

နိုင်ငံအာဏာပိုင်များ

စခန်းအခြေအနေတစ်ခုရှိ ပညာရေးအစီအစဉ်တစ်ခု၏ အဆင့်အားလုံး၌ ပညာရေးဆိုင်ရာ နိုင်ငံအာဏာပိုင်များနှင့် ဆွေးနွေးတိုင်ပင်ရန်နှင့် အစီအစဉ်ရေးဆွဲမှု၊ အကောင်အထည်ဖော်မှုနှင့်စောင့်ကြည့်လေ့လာမှုတို့တွင် ၎င်းတို့အား ပါဝင်ဆောင်ရွက်စေရန် အရေးကြီးပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ပညာရေးအစီအစဉ်များအားလုံးကိုအမျိုးသားပညာရေးစနစ်အတွင်းသို့ တတ်နိုင်သမျှပေါင်းစပ်ထည့်သွင်းပေးနိုင်ပြီး ရေရှည်တည်တံ့ရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးတို့အတွက်လည်းအထောက်အကူဖြစ်စေပါသည်။ အထူးသဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အောက်ပါတို့ကို သိရှိထားသင့်ပါသည်။

- ➔ ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာရမှု အခြေအနေနှစ်ရပ်စလုံး၌နိုင်ငံအာဏာပိုင်များသည်သာ၎င်းတို့၏ စီရင်ပိုင်ခွင့်အတွင်း ကလေးများနှင့် လူငယ်များ၏ပညာရေးရပိုင်ခွင့်ကို ကာကွယ်ထိန်းသိမ်းပေးရန် လုံးဝဥာဏ်ရှိပါသည်။
- ➔ မည်သည့်ပညာရေးအစီအစဉ်ကိုမဆို ဒေသခံပညာရေးစီမံအုပ်ချုပ်မှုဌာနနှင့် ပူးပေါင်းကာ အစီအစဉ်ရေးဆွဲပြီး ပညာရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရပါမည်။
- ➔ ရွှေ့ပြောင်းနေထိုင်ရသော ကျောင်းသားများစခန်းအနီးဝန်းကျင်ရှိ ဒေသခံကျောင်းများတွင် တက်ရောက်ခွင့်ရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းကို တတ်နိုင်သမျှ အမြန်ဆုံးကြိုးပမ်းအားထုတ်ရပါမည်။
- ➔ ဒေသခံကျောင်းများသို့ လက်လှမ်းမမီနိုင်သောစခန်းနေရာများတွင် စခန်းတွင်းသင်ကြားရေးနေရာဌာနများအတွက်ပညာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်ပြုကာ အစီအစဉ်များရေးဆွဲပြီးစခန်းပိတ်သိမ်းချိန်တွင် ပညာသင်ကြားရေးဆိုင်ရာပစ္စည်းများကိုလွှဲပြောင်းပေးရန်အထူးသဖြင့် ရည်မှန်း၍ စီစဉ်ဆောင်ရွက်ရပါမည်။
- ➔ ကျောင်းသားကျောင်းသူများ၏ အောင်လက်မှတ်များ၊ ဆရာဖြစ်သင်တန်းများနှင့် တရားဝင်အသိအမှတ်ပြုခြင်း တို့ကဲ့သို့သော ကိစ္စရပ်များကို ဆောင်ရွက်သောအခါ နိုင်ငံအာဏာပိုင်များနှင့် ဆက်သွယ်ညှိနှိုင်းရန် အရေးကြီးပါသည်။
- ➔ စခန်းတွင်းပညာရေးဝန်ဆောင်မှုအေဂျင်စီများမှကျင်းပပေးသော သင်တန်းများတွင် ဒေသခံပညာရေးအရာရှိများ၊ ကျောင်းအုပ်များနှင့် ကျောင်းဆရာများကိုပါဝင်တက်ရောက်စေခြင်းသည် အမျိုးသားပညာရေးစွမ်းဆောင်ရည်မြှင့်တင်ရန်၊ နိုင်ငံအာဏာပိုင်များနှင့် ဆက်ဆံရေးခိုင်မြဲလာစေရန်နှင့် စခန်းအနီးဝန်းကျင်မှ ရပ်ရွာလူထုကိုအကျိုးပြုရန်တို့အတွက်ထူးကဲသော အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါသည်။

ဘေးဒဏ်ခံလူထုများ

ပညာရေးအစီအစဉ်တစ်ခု ထိရောက်မှုရှိစေရန်အတွက်ရပ်ရွာလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ပါသည်။အောက်ပါတို့သည် ရွှေ့ပြောင်းနေထိုင်ရသော လူထုနှင့် လက်တွဲဆောင်ရွက်ရန်၊ ယင်းတို့တွင် ရှိနေသော အရင်းအမြစ်များနှင့် အသိပညာများကိုအခြေပြုကာ လုပ်ဆောင်နိုင်ရန်အတွက် အဓိကကျသောနည်း ဗျူဟာများ ဖြစ်ပါသည်။

- ➔ စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် နိုင်ငံအာဏာပိုင်များ၊ ပညာရေးဝန်ဆောင်မှုပေးသူများနှင့် လက်တွဲကာကျောင်းသားများ အားလုံး၏ လိုအပ်ချက်များကို စိစစ်ဆုံးဖြတ်ရာတွင် ရပ်ရွာလူထု ပါဝင်လုပ်ဆောင်ခြင်းကို သေချာစေရပါမည်။ ရပ်ရွာလူထုသည်လုံခြုံရေးကိစ္စရပ်များကို ထောက်ပြနိုင်ပြီး ဒေသတွင်းရှိငွေကြေး၊ ပစ္စည်းနှင့် လူစွမ်းအားအရင်းအမြစ်များကို သတ်မှတ်ဖော်ထုတ်ပေးနိုင်ပါသည်။
- ➔ များသောအားဖြင့် ရွှေ့ပြောင်းနေထိုင်သူလူထုများသည် ပြင်ပမှဆောင်ရွက်ပေးမည့်သူများ ရောက်ရှိမလာမီ ပညာရေးလုပ်ငန်းများအတွက်ဖွဲ့စည်းဆောင်ရွက်ထားနှင့်ပြီးဖြစ်နေနိုင်ပါသည်။ တတ်နိုင်သမျှ ထိုလုပ်ဆောင်မှုများမှ သင်ခန်းစာများရယူ၍ ယင်းတို့ကို အခြေပြုကာပိုမို ကောင်းမွန်အောင် ဆက်လက်လုပ်ဆောင်သွားရပါမည်။ ရပ်ရွာလူထု၏ စွမ်းဆောင်နိုင်မှုများကို သတ်မှတ်ဖော်ထုတ်၍ မြှင့်တင်ပေးရပါမည်။
- ➔ တစ်ခါတစ်ရံ မိဘဆရာအသင်း သို့မဟုတ် ကျောင်းစီမံခန့်ခွဲရေးကော်မတီဟုခေါ်ဆိုသည့်ရပ်ရွာပညာရေးကော်မတီများ ဖွဲ့စည်းထူထောင်ကာ စခန်းအခြေအနေရှိ ပညာရေးစီမံခန့်ခွဲမှုများတွင် ဦးဆောင်ဦးရွက်ပြုနိုင်ရန်ရပ်ရွာလူထုအား ထောက်ပံ့ကူညီရပါမည်။
- ➔ ဤကော်မတီများသည် ကျောင်းများ၏ ဘေးကင်းလုံခြုံမှုနှင့်ကလေးအားလုံး တက်ရောက်ပညာသင်ကြားနိုင်မှုတို့ကို သေချာအောင် ဆောင်ရွက်ပေးနိုင်သဖြင့် ပညာရေးအစီအစဉ်များအတွက် အကောင်းဆုံးသော အရင်းအမြစ်တစ်ခု ဖြစ်နိုင်ပါသည်။

- ➔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကျားမ အရေအတွက် ဟန်ချက်ညီမျှမှုနှင့်မသန်စွမ်းသော ကလေးများကို သတ်မှတ်ဖော်ထုတ်ကာ ပံ့ပိုးကူညီပေးမှုများအပါအဝင် ထိခိုက်လွယ်သောအုပ်စုများ၊ လူနည်းစုများကိုပါ ထည့်သွင်းစဉ်းစားပေးကြောင်း သေချာအောင် လုပ်ဆောင်သင့်ပါသည်။ကျားမတန်းတူညီမျှမှုကိစ္စများကို နားလည်သိရှိတုံ့ပြန်ပေးကာ လူထုတစ်ရပ်လုံးအတွက်ပံ့ပိုးပေးသော ပညာရေးဖြစ်ကြောင်း သေချာစေအောင် ဆောင်ရွက်ရာတွင် ရပ်ရွာလူထုသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် အကောင်းဆုံး အရင်းအမြစ်ပင် ဖြစ်ပါသည်။
- ➔ ကလေးများနှင့် လူငယ်များ၏ဘဝကို သက်ရောက်စေနိုင်သောကိစ္စများတွင် ၎င်းတို့၏ အမြင်များကို ၎င်ရောက်ပြောဆိုပိုင်ခွင့်ရှိသဖြင့် ၎င်းတို့အား ပညာရေးအစီအစဉ်များရေးဆွဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့တွင် ပါဝင်ဆောင်ရွက်ရန် ဖိတ်ကြားရပါမည်။ များသောအားဖြင့် ကျောင်းတွင် ရှိသင့်လျက် ရှိမနေသူများနှင့် ကျောင်းသားတိုင်း ပညာရေးကို လက်လှမ်းမီရရှိအောင် မည်သို့ကူညီပေးရမည် ဆိုသည်ကို ကလေးများက အသိဆုံးဖြစ်ပါသည်။
- ➔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လက်ရှိနှင့် အနာဂတ် ပညာရေးအစီအစဉ်များအား ဘေးဒဏ်ခံလူထုထံ သတင်းအချက်အလက်ပြန်ကြားရေးလုပ်ရှားမှုများမှတစ်ဆင့် ဆက်သွယ်ကာ ရှင်းရှင်းလင်းလင်းစနစ်တကျ ရှင်းပြပေးကြောင်း သေချာအောင်လုပ်ဆောင်ရပါမည်။

ပညာရေးအစုအဖွဲ့များ

အတိုင်းအတာ ကြီးမားသော သို့မဟုတ် ကာလရှည်ကြာ ဖြစ်ပေါ်နေသော အရေးပေါ်အခြေအနေများတွင် ပညာရေးအစုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လေ့ရှိပါသည်။ ပညာရေးအစုအဖွဲ့တစ်ခုစတင်သက်ဝင်လှုပ်ရှားလာပါက စခန်းစီမံခန့်ခွဲရေးအေဂျင်စီ သို့မဟုတ် စခန်းပညာရေး ညှိနှိုင်းဆောင်ရွက်မှုအုပ်စုမှကိုယ်စားလှယ်သည် အောက်ပါအတိုင်း နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ရပါမည်။

- ➔ ဒေသတွင်းနှင့် နိုင်ငံအဆင့်ရှိ ပညာရေးအစုအဖွဲ့များသည် အများအားဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ပညာရေးဝန်ဆောင်မှုပေးသူများအတွက်သတင်းအချက်အလက်နှင့် နည်းပညာအကူအညီများ ရရှိနိုင်သည့် အကောင်းဆုံးရင်းမြစ်တစ်ခုဖြစ်ပါသည်။
- ➔ ပညာရေးအစုအဖွဲ့ညှိနှိုင်းဆောင်ရွက်သူများသည် ဝန်ဆောင်မှုပေးသူများကိုသတ်မှတ်ဖော်ထုတ်နိုင်ရန် ကူညီပံ့ပိုးပေးပြီး ပညာရေးစနစ်ဆိုင်ရာ အခြေခံသတင်းအချက်အလက်များ ပံ့ပိုးပေးကာ ပညာရေးဝန်ကြီးဌာနနှင့် အခြားနိုင်ငံအာဏာပိုင်များနှင့် ဆက်သွယ်ပေးပါသည်။
- ➔ ပညာရေးအစုအဖွဲ့သည်ပညာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်အစီအစဉ် စာတမ်းများကို ပြုစုပေးရန် တာဝန်ရှိပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဤစာတမ်းများကို သင့်လျော်သလို ရည်ညွှန်းကိုးကားရပါမည်။
- ➔ ပညာရေးအစုအဖွဲ့သည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ပညာရေးဂန်ဆောင်မှုပေးသူများအားပံ့ပိုးမှုများအတွက် အကြံပြုချက်များ ပေးနိုင်ပါသည်။ ဥပမာ ယူနီဆက်၏ "သေတ္တာတစ်လုံးထဲကကျောင်း"၊ ရွက်ဖျင်တဲကျောင်းများ၊ ဘေးကင်းလုံခြုံသော သင်ကြားရေးရာဌာနများကို ဆောလျင်စွာ ထူထောင်နိုင်ရန် ပြည်တွင်းနှင့်နိုင်ငံတကာမှ ၎ယ်ယူဖြည့်တင်းနိုင်သည့် လိုအပ်မည့်ပစ္စည်းများနှင့် စပ်လျဉ်းသည့်သတင်းအချက်အလက်များကို ပေးခြင်းမျိုး ဖြစ်ပါသည်။
- ➔ ပညာရေးအစုအဖွဲ့သည်အတိုင်းအတာကြီးမားသော သို့မဟုတ်ကာလရှည်ကြာဖြစ်ပေါ်နေသောအရေးပေါ်အခြေအနေများတွင် ပညာရေးကဏ္ဍအတွက် ရန်ပုံငွေထောက်ပံ့ရေးကို စီမံခန့်ခွဲပေးရပါသည်။ ထို့ပြင် ရွှေ့ပြောင်းနေထိုင်ရသော ကလေးများအတွက် ပညာရေးရပိုင်ခွင့်နှင့် အခြားမူဂါဒဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံအာဏာပိုင်များနှင့် လူသားချင်းစာနာထောက်ထားမှုအသိုက်အဝန်းကြား ရှင်းလင်းဆွေးနွေးတင်ပြပေးသောအဓိကအဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်နိုင်ပါသည်။

☛ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအကြောင်း ထပ်မံသိလိုပါက အခန်း ၂ - အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများတွင်ကြည့်ပါ။

☛ သတင်းအချက်အလက်စီမံခန့်ခွဲခြင်းအကြောင်း ထပ်မံသိလိုပါက အခန်း ၅ -သတင်းအချက်အလက် စီမံခန့်ခွဲခြင်းတွင်ကြည့်ပါ။

ကလေးငယ် ညှိနှိုင်းဆောင်ရွက်ခြင်း

ပညာရေးသည်အခြားကလေးအချို့အတွက် အဓိကဝင်ပေါက်တစ်ခု ဖြစ်နိုင်သည့်အတွက်ထိုကလေးများနှင့်ချိတ်ဆက် မှုအများအပြားပြုလုပ်ရန် ရှိပါသည်။ ပညာရေးဝန်ဆောင်မှုအေဂျင်စီအား ထောက်ပံ့ကူညီပေးရမည့်၊ ထိုအေဂျင်စီများ၏ ညှိနှိုင်းဆောင်ရွက်မှုများအတွက် တစ်စိတ်တစ်ပိုင်း တာဝန်ရှိသည့်စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် ပညာရေးနှင့် အခြားကလေးများအကြား ချိတ်ဆက်မှုများကို သိရှိထားရပါမည်။ သို့မှသာ ပညာရေးစီမံကိန်းများသည် ရှေ့ပြောင်းနေထိုင်သူ လူထုတစ်ရပ်လုံးအတွက် ထိရောက်၍ အရည်အသွေးပြည့်ဝကြောင်း သေချာအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ကျန်းမာရေး

- ➔ သင်ကြားရေးနေရာဌာနများရှိကလေးများနှင့် ဆရာများအတွက် ကျန်းမာရေးသတင်းအချက်အလက်များ ပံ့ပိုးပေးပြီး လိုအပ်ပါက ကုသမှုများပေးရန် ကျန်းမာရေးဝန်ဆောင်မှုပေးသူများသို့မဟုတ် ဒေသခံဆေးခန်းနှင့်အတူလုပ်ဆောင်ပါ။
- ➔ လွှမ်းခြုံမှုကို အမြင့်မားဆုံးရရှိရန် သင်ကြားရေးနေရာဌာနများတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလုပ်ဆောင်ပါ။
- ➔ ကျောင်းများတွင် ကျန်းမာရေးဝန်ဆောင်မှုများ မပေးနိုင်ပါက ကျောင်းသားများနှင့် ဆရာများကို ဆေးခန်းများ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီသည့် ဝန်ဆောင်မှုဌာနများသို့ လိုအပ်ပါက ချက်ချင်းညွှန်းပို့နိုင်ရန် ကျန်းမာရေးဝန်ဆောင်မှုပေးသူများနှင့် လက်တွဲစီစဉ်ပေးခြင်းဖြင့် ကျောင်းပျက်ခြင်းကိုနည်းနိုင်သမျှနည်းအောင် ကူညီပေးနိုင်ပါသည်။

အစားအစာနှင့် လူသုံးပစ္စည်းများ (NFIs) ဖြန့်ဝေခြင်း

- ➔ ဆရာများအတွက်အစားအစာခွဲတမ်းများကို ကျောင်းချိန်ပြီးမှ လာရောက်ထုတ်ယူနိုင်ရန်စီစဉ်ပေးပါ။သို့မဟုတ်ဝင်းတို့၏ကျောင်းတွင်းတာဝန်များကို မထိခိုက်စေဘဲ ရယူနိုင်သော နည်းလမ်းတစ်ခုကို ရှာဖွေပေးပါ။
- ➔ ကျောင်းသားများသည်သူတို့၏မိသားစုများရရှိသည့် ဖြန့်ဝေပစ္စည်းများကိုကူညီသယ်ဆောင်ပေးရန် သို့မဟုတ် ပစ္စည်းဖြန့်ဝေရာ၌ မိသားစုအရေးအတွက်ကို ပြသရန်သွားရောက်ရသည့်အတွက် ကျောင်းပျက်တတ်ပါသည်။ ထို့ကြောင့် အစားအစာနှင့်ပစ္စည်းဖြန့်ဝေခြင်းများကြောင့်ကလေးများ၏ပညာသင်ကြားရေးကို ထိခိုက်မှုမရှိစေရန်စီစဉ်ဆောင်ရွက်ပါ။
- ➔ ကျောင်းထွက်နှုန်းလျော့ချရန်နှင့် ဝန်ဆောင်မှုလုံလောက်စွာမရရှိသော အုပ်စုများ၏ ပါဝင်ဆောင်ရွက်ခြင်းများကို အားပေးနိုင်ရန်အတွက် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း အစီအစဉ်များကို ဆောင်ရွက်ပါ။ သုတေသနပြုလေ့လာမှုများအရကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအစီအစဉ်များသည် မိဘများအား သားသမီးများကိုကျောင်းသို့ပို့ချင်အောင် ဆွဲဆောင်နိုင်သည်ဟုသိရပါသည်။ အထူးသဖြင့် မိန်းကလေးများသည် ထိုအစီအစဉ်ကြောင့်သာမဟုတ်ပါကကျောင်းနေရန်အခွင့်အရေး ရကြမည်မဟုတ်ပါ။ ကျောင်းတွင်း အာဟာရကျွေးမွေးရေးအစီအစဉ်များကို အကောင်အထည် မဖော်နိုင်မီ စွမ်းအင်မြင့် ဘိစကွတ်မုန့်များ ထောက်ပံ့ရေးအတွက်စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် ကဏ္ဍာ့စားနပ်ရိက္ခာအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန်စဉ်းစားပေးနိုင်ပါသည်။

ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

- ➔ ယာယီသင်ကြားရေးနေရာဌာနများတွင်ပင်လျှင်ကျောင်းသားကျောင်းသူများနှင့် ဆရာများအတွက် ရေနှင့် သီးခြားအိမ်သာများ စီစဉ်ပံ့ပိုးပေးရန် အရေးကြီးပါသည်။
- ➔ တစ်ကိုယ်ရေသန့်ရှင်းရေးအချက်အလက်များကို ပြုစု၍ကျောင်းများတွင် သင်ကြားပေးနိုင်ပါသည်။ အထူးသဖြင့်အိမ်သာသုံးပြီးနောက်လက်ကို ဆပ်ပြာနှင့် ဆေးရန်ဖြစ်ပြီးလက်ဆေးရန်နေရာနှင့် အိမ်သာတိုင်းတွင် ဆပ်ပြာထားပေးရပါမည်။
- ➔ ကျောင်းတွင်စာသင်ခန်းများနှင့် ကျောင်းပတ်ဝန်းကျင်အား သန့်ရှင်းစွာထားခြင်းကဲ့သို့သော ကောင်းမွန်မှန်ကန်သည့် ပတ်ဝန်းကျင်သန့်ရှင်းရေးအလေ့အကျင့်များကို သင်ကြားပေးနိုင်ပါသည်။ယင်းသည်စိတ်ဓာတ်ရေးရာမြှင့်တင်မှုအတွက် အရေးပါသောအချက်ဖြစ်ပြီး စခန်းတစ်ခုလုံး၏ ပတ်ဝန်းကျင်သန့်ရှင်းရေးအပေါ် တွင်လည်း သက်ရောက်မှုရှိနိုင်ပါသည်။

နေထိုင်စရာများ

- ➔ သင်ကြားရေးနေရာဌာနများအတွက် တည်နေရာ ရွေးချယ်ရာတွင် သင့်လျော်၍ ဘေးကင်းလုံခြုံသောနေရာများကို ရွေးချယ်နိုင်ရန်နေထိုင်စရာ အဆောက်အဦနှင့် ပတ်သက်၍ ကျွမ်းကျင်သူများကို တိုင်ပင်ဆွေးနွေးရ မည်ဖြစ်ပြီး ရေနုတ်မြောင်း ကဲ့သို့သော ကိစ္စရပ်များကို ထည့်သွင်း စဉ်းစားရပါမည်။
- ➔ သင်ကြားရေးနေရာဌာနများသည် ကလေးသူငယ်များအတွက် ပျော်ရွှင်နှစ်သက်ဖွယ်ဖြစ်ပြီး မိုးလုံစေရန်အတွက် ကျွမ်းကျင်သူများက ဘေးကင်းလုံခြုံသော ဆောက်လုပ်ရေးနည်းစနစ်များကို အကြံပြုနိုင်ပါသည်။

ကာကွယ်စောင့်ရှောက်မှု

- ➔ ကျောင်းများသည် ဘေးကင်းလုံခြုံသောနေရာများဖြစ်ကြောင်း သေချာစေရန်အတွက် ကာကွယ်စောင့်ရှောက်မှုများ လုပ်ဆောင်ပေးသူများမှ ဆရာများအား အဓိကကျသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအခြေခံမူများကိုလေ့ ကျင့်သင်တန်းပေးရပါမည်။
- ➔ သင်ကြားရေးနေရာဌာနများသည် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြောင်းကိစ္စအမျိုးမျိုးကြောင့် အန္တရာယ် ကျရောက်နိုင်ခြေရှိနေသော ကလေးများအား ကာကွယ်စောင့်ရှောက်ရေးဂန်ထမ်းများမှ ဖော်ထုတ် နိုင်သောနေရာများ ဖြစ်လာနိုင်ပါသည်။ ကျောင်းပျက်နေသော ကလေးများအပါအဝင် အန္တရာယ်ကျရောက်နိုင်ခြေရှိနေသော ကလေးများအား တွေ့ရှိပါက သက်ဆိုင်ရာ လူမှုရေး၊ ကျန်းမာရေး သို့မဟုတ် ဥပဒေရေးရာ ဂန်ဆောင်မှုဌာနများသို့ညွှန်းပို့ပေးနိုင်ပါသည်။

သင်ကြားရေးပတ်ဝန်းကျင်

ပညာရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု၏အဆင့်များ

ရွှေ့ပြောင်းနေထိုင်မှုများ၏ အစောဆုံးအချိန်များမှစ၍ ပညာရေးကို လက်လှမ်းမီကြောင်းသေချာစေရန်မှာ ကျောင်း အဆောက်အဦတစ်ခုအတွင်း ကျောင်းဝတ်စုံဝတ်ထားသော ကျောင်းသားများ ပုံမှန်တရားဝင် သင်ရိုးညွှန်းတမ်းဖြင့်သင်ယူ နေခြင်း မျိုးကိုသာ ပညာရေးဟု ခေါ်ဆိုခြင်း မဟုတ်ကြောင်း စခန်းစီမံခန့်ခွဲရေး အေဂျင်စီများမှ သိရှိထားရန် အရေးကြီးပါသည်။ အရေးပေါ် အခြေအနေတစ်ရပ်၏ ပထမအဆင့်တွင် ပုံစံတကျမဟုတ်သေးသော်လည်း ဘေးကင်းလုံခြုံသည့် သင်ကြားရေး နေရာများနှင့် အပန်းဖြေရန်နေရာများကို တတ်နိုင်သမျှမြန်မြန်ထူထောင်ပေးရပါမည်။ ထိုနေရာများသည် ဒေသထွက်ပစ္စည်း များဖြင့် ဆောက်လုပ်ထားသော ရိုးရှင်းသည့် ယာယီအမိုးအကာတစ်ခုမျှသာ ဖြစ်နိုင်ပြီး ဘေးဒဏ်ခံလူထုတွင်းမှ စိတ်ချယုံကြည် ရသော စေတနာ့ဝန်ထမ်းများက စောင့်ကြည့်ကြီးကြပ်ပေးနိုင်ပါသည်။ ထိုနေရာများ၌ အဓိက သတင်းစကားများကို ဖြန့်ဝေပေးနိုင် ပြီးမိဘများက အခြေတကျဖြစ်စေရန် နေထိုင်စရာ ဆောက်လုပ်ခြင်း၊ မှတ်ပုံတင်စာရင်းသွင်းခြင်း သို့မဟုတ် အစားအစာနှင့် လူသုံးပစ္စည်းများ ထုတ်ယူခြင်း စသည်တို့အတွက် မအားမလပ်ဖြစ်နေစဉ်တွင် ကလေးများအား ဘေးကင်းလုံခြုံအောင် ကာကွယ်စေ စောင့်ရှောက်ပေးထားနိုင်ပါသည်။ ရွှေ့ပြောင်းနေထိုင်ရသူများသည် ဒေသခံရပ်ရွာလူထုနှင့် ဘာသာစကား တူနေပါကစခန်းတွင်းမှ ကျောင်းသားများကို တတ်နိုင်သမျှအမြန်ဆုံးဒေသခံကျောင်းများတွင် ကျောင်းနေခွင့်ရအောင် ဆောင်ရွက်ပေးနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ ယင်းအား ဖြစ်နိုင်ပါက တုံ့ပြန်ဆောင်ရွက်မှုများ၏ပထမအဆင့်တွင်ပင် ဆောင်ရွက်နိုင်မည်ဖြ စ်သော်လည်းပညာရေးအာဏာပိုင်များနှင့် ကျောင်းဝင်ခွင့်ရရေး ညှိနှိုင်းရမည်ဆိုပါက ထို့ထက်လည်း ပိုကြာမြင့်နိုင်ပါသည်။ ဒေသခံကျောင်းများတွင် လူပြည့်ကြပ်နေပါက တစ်နေ့တာ ကျောင်းချိန်များခွဲ၍ သင်ကြားပေးရန်နှင့် ယာယီစာသင်ခန်းများတိုးချဲ့ တည်ဆောက်ပေးရန် လိုအပ်ပါမည်။

ကျောင်းများအားတိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ပေးခြင်း

ရွှေ့ပြောင်းနေထိုင်ရသော ကလေးသူငယ်များကို ဒေသခံကျောင်းများတွင် ပေါင်းစည်း၍ကျောင်းတက်စေမည်ဆို လျှင် ထိုကျောင်းသားများအတွက် နေရာအဆင်ပြေစေရန်ကျောင်းများကို ပြင်ဆင်မွမ်းမံပေးပြီး နိုင်ငံတကာစံနှုန်းများနှင့်ကိုက် ညီစေရန် လုပ်ဆောင်ရပါမည်။ ထိုလုပ်ဆောင်မှုများထဲတွင် ရေနှင့် အိမ်သာထောက်ပံ့ပစ္စည်း၊ အဆောက်အအုံများတိုးချဲ့ ခြင်း၊ အဆင့်မြှင့်ပေးခြင်း သို့မဟုတ် အခြေခံအဆောက်အအုံများပြန်လည်ထူထောင်ခြင်းစသည်တို့ပါဝင်နိုင်ပါသည်။

ခဲတံနှင့် ဗလာစာအုပ်ကဲ့သို့သော ပစ္စည်းများထောက်ပံ့ခြင်းသည်လည်း သင့်လျော်ပါသည်။ဤသို့ဆောင်ရွက်ခြင်းသည် သင်ယူသူများအားလုံးအတွက် ပညာရေး၏ အရည်အသွေးကို ပိုမိုကောင်းမွန်စေမည် သာမက ကျောင်းတွင် လူကြပ်၍ ဆိုးရွားသောအခြေအနေများကို အကြောင်းပြုကာ ပေါ်ပေါက်လာနိုင်ဖွယ်ရှိသော ဒေသခံနှင့် ရွှေ့ပြောင်းနေထိုင်သူလူထုများကြား တင်းမာမှုကိုလည်း လျော့ချနိုင်ပါလိမ့်မည်။

ဒေသခံကျောင်းများတွင်ပေါင်းစည်းဝင်ရောက်ကာ ကျောင်းတက်ရန် မဖြစ်နိုင်သောနေရာများတွင် ဝန်ဆောင်မှုပေးသူများ ရောက်ရှိလာပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်သည့် ဒုတိယအဆင့်သို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ဘေးကင်းလုံခြုံသော သင်ကြားရေးနေရာဌာနများ တည်ထောင်ကာ အရေးအဖတ်၊ အတွက်အချက်နှင့် ဘဝတွက်တာသိမှတ်စရာများသင်ကြားပေးကာ ပိုမိုပုံစံတကျဖြစ်သော ကျောင်းသင်ပညာရေးသို့ ကူးပြောင်းနိုင်ရန် မျှော်မှန်းလုပ်ဆောင်ရပါမည်။ တတိယအဆင့်တွင် စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် ဘာသာစကားနှင့် အထောက်အထား လက်မှတ်ကိစ္စများကို ထည့်သွင်းစဉ်းစားလျက် သက်ဆိုင်ရာ နိုင်ငံရင်းနှင့်ဒေသခံ အစိုးရများမှ အသိအမှတ်ပြုသည့် ပုံမှန် ကျောင်းတစ်ကျောင်း အပြည့်အဝ ဖြစ်လာစေရန် သေချာစေရပါမည်။

ပညာရေးနှင့်စခန်းပိတ်သိမ်းခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် ပညာရေးအစီအစဉ်တစ်ရပ်စတင်ချိန်တွင် စခန်းပိတ်သိမ်းခြင်းနှင့် ဆက်နွယ်သော အကြောင်းကိစ္စရပ် အမျိုးမျိုးကို လတ်တလော ရေရာမှု မရှိသေးသော်လည်း ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။

- ➔ စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် လုပ်ငန်းတစ်ခုစတင်သည့်ချိန်မှစ၍အဆင့်ဆင့်ရုပ်သိမ်းခြင်းနှင့် ပိတ်သိမ်းခြင်းတို့အတွက် အစီအစဉ်ရေးဆွဲထားရပါမည်။ရေးဆွဲသည့် အစီအစဉ်များတွင် သင်ကြားရေးဌာနများနှင့် ပညာရေးဝန်ဆောင်မှုများကို ထည့်သွင်းထားရပါမည်။
- ➔ လုပ်ဆောင်သူများသည် ရွှေ့ပြောင်းနေထိုင်သူများပြန်လည်ထွက်ခွာသွားသောအခါ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများသည် ဒေသခံရပ်ရွာလူထုကို မည်သို့ အကျိုးကျေးဇူးပြုနိုင်မည်ကို ထည့်သွင်းစဉ်းစားကာ အစီအစဉ်များ ရေးဆွဲထားရမည်ဖြစ်ပြီး အစကနဦးကတည်းက ပါဝင်ပတ်သက်သူအားလုံးနှင့် သဘောတူညီမှုများ ရယူထားရပါမည်။
- ➔ ပညာရေးဆိုင်ရာ နိုင်ငံအာဏာပိုင်များ၏ စွမ်းဆောင်နိုင်မှုများကို စောစီးစွာထည့်သွင်းစဉ်းစားထားပြီး လိုအပ်လျှင် စခန်းတွင်းရှိ ကျောင်းများ၊ သင်ကြားရေးဌာနများအား စီမံခန့်ခွဲနိုင်ရန်သင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုများကို ဆောင်ရွက်ပေးရပါမည်။ စခန်းတစ်ခု၏ လုပ်ငန်းလည်ပတ်မှုဖြစ်စဉ် အဆင့်များ အားလုံးတွင် အစိုးရပညာရေးအာဏာပိုင်များနှင့် လက်တွဲလုပ်ရန် အရေးကြီးပါသည်။
- ➔ ပညာရေးဆိုင်ရာ ထောက်ပံ့ပစ္စည်းအဆောက်အအုံအားလုံးသည်လွှဲပြောင်းပေးချိန်တွင် သင့်တင့်ကောင်းမွန်သော အနေအထားမျိုး ဖြစ်ရပါမည်။
- ➔ စခန်းပိတ်သိမ်းခြင်းနှင့် လွှဲပြောင်းပေးခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်ရာတွင် ကျောင်းများနှင့် ရပ်ရွာပညာရေးကော်မတီများ သို့မဟုတ် မိဘဆရာအသင်းများလည်း ပါဝင်တက်ရောက်ဆွေးနွေးရပါမည်။ ၎င်းတို့သည် သတင်းအချက်အလက်များကိုမျှဝေပေးနိုင်ပြီး ကလေးများ၊ ၎င်းတို့၏ မိသားစုများနှင့် ရပ်ရွာလူထုအားစခန်းပိတ်သိမ်းခြင်းအတွက်ပြင်ဆင်ကြရာတွင်ကူညီပေးနိုင်ပါသည်။
- ➔ လူကြီးများနည်းတူ ကလေးများသည်လည်း မေးခွန်းများမေးမြန်းပိုင်ခွင့်နှင့်နေရပ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ဂုဏ်း၏ မျှော်လင့်ရည်မှန်းချက် ဆန္ဒများနှင့် စိတ်မလုံခြုံမှုများအကြောင်းကို ဖော်ပြပိုင်ခွင့်ရှိသင့်ပါသည်။ ထိုအတွက် သင်ကြားရေးနေရာဌာနများသည် အလွန်ကောင်းမွန်သောနေရာများ ဖြစ်ပါသည်။
- ➔ ပညာရေးသည်ရွှေ့ပြောင်းနေထိုင်သူလူထုအတွက် ရှာဖွေထားသောရေရှည်တည်တန့်သည့် ဖြေရှင်းရန်နည်းလမ်းတိုင်းတွင် ခွဲခြား၍မရသောအစိတ်အပိုင်းတစ်ခုဖြစ်နေရပါမည်။ ရွှေ့ပြောင်းနေထိုင်သူများ ပြန်လည်ရောက်ရှိသော နေရာဒေသများတွင် ပညာရေးဝန်ဆောင်မှုများစတင်ဆောင်ရွက်ပေးခြင်း သို့မဟုတ် ပြန်လည်ထူထောင်ခြင်းများကို ထောက်ပံ့ ကူညီရန်အတွက်စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အခြားလူသားချင်း စာနာထောက်ထားမှုလုပ်ဆောင်သ

များနှင့် မိတ်ဖက်ပြုရပါမည်။

- ➔ ဒုက္ခသည်များအား နေရပ်ပြန်ပို့သောအခါတွင် ပညာရေး၊ အောင်လက်မှတ်နှင့် ကျောင်းဆရာ အသိအမှတ်ပြုလက်မှတ် စသည့်ကိစ္စရပ်များကို သုံးပွင့်ဆိုင်သဘောတူညီချက်တွင် ထည့်သွင်းပေးသင့်ပါသည်။
- ➔ ပညာအရည်အချင်းအသိအမှတ်ပြုလက်မှတ်သည် ကျောင်းသားကျောင်းသူများအတွက် စခန်းပိတ်သိမ်းရာ တွင် အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ပညာရေးဝန်ဆောင်မှုပေးသူများသည် ကျောင်းသားကျောင်းသူ အားလုံးအတွက် ကျောင်းပြောင်းလက်မှတ် သို့မဟုတ် အောင်လက်မှတ်များကို ၎င်းတို့ပြန်သွားမည့်အရပ်ဒေသမှ အသိအမှတ်ပြုသည့်ပုံစံဖြင့် ထုတ်ပေးလိုက်ကြောင်း သေချာအောင်စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဆောင်ရွက်ပေးရပါမည်။ ပညာရေးဆိုင်ရာလက်မှတ်များကို နိုင်ငံအာဏာပိုင်များမှ အသိအမှတ်ပြုရေးလုပ်ဆောင်မှုများအား ပညာရေး အစီအစဉ် များစတင်ချိန်မှ အစပြုရပါမည်။
- ➔ ဆရာဖြစ်သင်တန်းမှတ်တမ်းနှင့် အောင်လက်မှတ်များကိုလည်း ထုတ်ပေး၍ ဆရာအဖြစ် အသိအမှတ်ပြုလက်မှတ်များကို နိုင်ငံအာဏာပိုင်များမှ အသိအမှတ်ပြုရေးကို ညှိနှိုင်းပေးရပါမည်။

☛ စခန်းပိတ်သိမ်းခြင်းအကြောင်း ထပ်မံသိလိုပါကအခန်း(၇) - စခန်းထူထောင်ခြင်းနှင့် ပိတ်သိမ်းခြင်းတွင်ကြည့်ပါ။

ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - စခန်းပိတ်သိမ်းရန် အစီအစဉ် ရေးဆွဲခြင်း

အီသီယိုးပီးယားရှိ အိုင်ရှာစခန်းကို နောက်ဆုံးကျန်နေသော ဆိုမာလီလူမျိုး နေထိုင်သူများ နေရပ်ပြန်သွားသည့် ၂၀၀၅ခုနှစ်တွင် တရားဝင်ပိတ်သိမ်းသောအခါ စခန်းစီမံခန့်ခွဲမှုအေဂျင်စီက စခန်းတွင်းမှ ကျောင်းအားကောင်းမွန်သည့်အနေ အထားဖြင့် နိုင်ငံအာဏာပိုင်များသို့ တရားဝင်လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။ သို့သော်လည်းဒေသအစိုးရမှ စီမံအုပ်ချုပ်နိုင်ခြင်း မရှိသေးမီကြားကာလတွင် ကျောင်းအား ဆက်လက် စီမံအုပ်ချုပ်ပေးပါရန် ဒေသခံအုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများက အေဂျင်စီအား မေတ္တာရပ်ခံခဲ့ပါသည်။ စခန်းမှာပိတ်သိမ်းခဲ့ပြီးဖြစ်သလို စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ ဒေသတွင်းလုပ်ငန်းများ မှာရပ်စဲထားပြီးဖြစ်သဖြင့် ဤမေတ္တာရပ်ခံချက်အား ကံမကောင်းစွာ မဆောင်ရွက်နိုင်ခဲ့ပါ။ စခန်းလုပ်ငန်းလည်ပတ်နေစ ဉ်ကာလတစ်လျောက် နိုင်ငံအာဏာပိုင်များနှင့် လက်တွဲဆောင်ရွက်ရန်နှင့်နောက်ဆုံးစခန်းပိတ်သိမ်းချိန်ကို မျှော်မှန်းကာ ဒေသခံများ၏ စွမ်းဆောင်ရည်အားမြှင့်တင်ပေးထားရန် လိုအပ်ကြောင်းကိုဤ အတွေ့အကြုံက မီးမောင်းထိုးပြနေပါသည်။

တန်းတူညီမျှ လက်လှမ်းမီမှု

သင်ကြားရေးဌာနတစ်ခုအားစခန်းအတွင်းမှဖြစ်စေ၊ ဒေသခံရပ်ရွာလူထုအတွင်းမှဖြစ်စေ လက်လှမ်းမီနိုင်စေရန် အတွက် ကလေးများနှင့် လူငယ်များအားလုံး တန်းတူညီမျှလက်လှမ်းမီမှုနှင့် သက်ဆိုင်သောအဓိကကိစ္စရပ်များအား ပညာရေး ဝန်ဆောင်မှု ပေးသူများက ကိုင်တွယ်ဖြေရှင်းပေးပြီး စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ စောင့်ကြည့်ကြီးကြပ်ရန် လိုအပ်ပါသည်။

- ➔ ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေများတွင် မိန်းကလေးများနှင့် ယောကျ်ားလေးများ၊လူငယ်အမျိုးသမီးအမျိုးသားများ သည် ပညာရေးကို လက်လှမ်းမီရယူရာတွင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအန္တရာယ်ဖြစ်နိုင်ခြေအမျိုးမျိုးနှင့်တွေ့ကြုံ ရပြီး အတားအဆီးအမျိုးမျိုးနှင့် ရင်ဆိုင်ကြရပါသည်။ လိုအပ်ချက်များကို လေ့လာဆန်းစစ်ရာတွင်ယောကျ်ားလေးများနှ င့် မိန်းကလေးများ၏ ကွဲပြားသောလိုအပ်ချက်များကို ခွဲခြားသိရှိရန်အတွက်ကျားမလူမှုကဏ္ဍဆိုင်ရာလေ့လာဆန်းစစ်ချက် တစ်ရပ် ပါဝင်ရပါမည်။ ပညာရေးတွင်ပါဝင်ပတ်သက်သူအားလုံးသည် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ရည်မှန်း၍ အစီအစဉ်များကို ရေးဆွဲရပါမည်။
- ➔ အားလုံးပါဝင်နိုင်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း စိစစ်သုံးသပ်ပြီး လေ့လာဆန်းစစ်မှု၊ အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်လေ့လာမှုများတွင် ထည့်သွင်းကိုင်တွယ်ဖြေရှင်းပေးရပါမည်။ မသန်စွမ်းသောကလေးများနှင့် မိဘမဲ့များ၊ ကလေး သူငယ်ဦးစီးနေရသောအိမ်ထောင်စုများ၊ ငယ်ရွယ်သောမိခင်များကဲ့သို့ အခြားသော ထိခိုက်လွယ်သည့်အုပ်စုမှ ကလေးများ သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်နွယ်ပတ်သက်နေသော ကလေးများအားလုံးသည် ၎င်းတို့၏ပညာရေးရပိုင်ခွင့်ကို ရယူရာတွင် ခွဲခြားဆက်ဆံခြင်းနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြရပါသည်။

- များသောအားဖြင့် ရွှေ့ပြောင်းနေထိုင်ရသော ကျောင်းသား၊ ကျောင်းသူများသည် တစ်ခါတစ်ရံ ကျောင်းဝင်ခွင့် သို့မဟုတ်စာမေးပွဲဖြေဆိုခွင့်အတွက် လိုအပ်လေ့ရှိသောအောင်လက်မှတ်များ၊ တိုးတက်မှုမှတ်တမ်းကဒ်များ သို့မဟုတ် ကျောင်းသားကဒ်များကဲ့သို့သော အထောက်အထားမှတ်တမ်းများရှိကြမည်မဟုတ်ပါ။ ထိုစာရွက်စာတမ်းများမရှိခြင်းက ပညာရေးလက်လှမ်းမီမှု (ကျောင်းနေခွင့်)ကို တားဆီးပိတ်ပင်ခြင်း မရှိရလေအောင်စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် နိုင်ငံအာဏာပိုင်များနှင့်အတူ လက်တွဲဆောင်ရွက်ရပါမည်။
- ပညာရေးအတွက် အခြားအတားအဆီးများတွင် စာသင်ကြားရာတွင် အသုံးပြုသည့် ဘာသာစကား၊ ကျောင်းလခ၊ ကျောင်းဝတ်စုံ၊ ကျားမတန်းတူညီမျှမရှိမှု၊ ဘာသာရေး သို့မဟုတ် မျိုးနွယ်စုနောက်ခံ အကြောင်းအရာ သို့မဟုတ်အိမ်နှင့်ကျောင်းကြားသွားရသည့် ခရီးအကွာအဝေးစသည်တို့သော အကြောင်းကိစ္စရပ်များ ပါဝင်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည်ဤကိစ္စရပ်များအား ပညာရေးဝန်ဆောင်မှုပေးသူများ၊ ရပ်ရွာလူထုနှင့် နိုင်ငံအာဏာပိုင်များနှင့်အတူလက်တွဲကာ ကိုင်တွယ်ဖြေရှင်းပေးရပါမည်။
- ပညာရေးအတွက် အတားအဆီးများနှင့် ယင်းနှင့် ဆက်နွယ်သော ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ကိစ္စရပ်များကို ဖော်ထုတ်သတ်မှတ်နိုင်ရန်အတွက် ကျောင်းတက်နှုန်းနှင့်သင်ယူပြီးမြောက်မှုနှုန်းများ၊ကျောင်းပြင်ပကလေးများနှင့် လူငယ်များ၏ အရေအတွက်များ စသည့်တို့အားအုပ်စုလိုက်ခွဲခြားကာ စောင့်ကြည့်လေ့လာခြင်းများကို ပုံမှန်ဆောင်ရွက်ရပါမည်။ စခန်း စီမံခန့်ခွဲမှုအေဂျင်စီသည် ဤအချက်အလက်များကို ပညာရေးဝန်ဆောင်မှုပေးသူများထံမှ တောင်းခံရယူပြီးအားလုံးပညာသင်ကြားနိုင်မှုနှင့် တန်းတူညီမျှလက်လှမ်းမီမှုတို့နှင့်သက်ဆိုင်သော ကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းပေးနေကြောင်း သေချာ စေရန်အတွက်ပြောင်းလဲမှု များ ဖြစ်ပေါ်နေပုံနှင့် နောက်ဆက်တွဲ အရေးယူဆောင်ရွက်ပေးမှုများအား လိုအပ်သလို စောင့်ကြည့်ကြီးကြပ်ပေးရပါမည်။

လိင်မှုဆိုင်ရာနှင့် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေပြုသော အကြမ်းဖက်မှုများ

ကလေးသူငယ်များအား ကျောင်းထားပေးခြင်းသည် အထူးသဖြင့်စခန်းများတွင်နေထိုင်သောကလေးများအတွက် အဓိကကျသောကာကွယ်စောင့်ရှောက်ရေး နည်းလမ်းတစ်ခုဖြစ်ပါသည်။ သို့သော်ကျောင်းများသည်လည်း အထူးသဖြင့် မိန်းကလေးများအပေါ် မတော်တရော်ပြုမှု အန္တရာယ်ဖြစ်နိုင်ခြေကို မြင့်မားစေခြင်းလည်း ဖြစ်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည်အန္တရာယ်ကျရောက်နိုင်ခြေကိုအနည်းဆုံးဖြစ်စေရန် အောက်ပါအတိုင်းလျော့ချပေးနိုင်ပါသည်။

- လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု၊ မတော်တရော်ပြုမှုနှင့်အခြားသော ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုများအတွက် ရှင်းလင်းသောစည်းမျဉ်းများ ရေးဆွဲကာလူအများသိနိုင်ရန်သတ်မှတ်ပြဋ္ဌာန်းပေးခြင်း၊ထိုစည်းမျဉ်းများသည် ဆရာများအတွက် ကျင့်ဝတ်စည်းမျဉ်း များ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်နိုင်ပါသည်။
- ကျောင်းသားကျောင်းသူများအတွက်ကျင့်ဝတ်များနှင့် စာသင်ခန်းစည်းကမ်း၊ကျောင်းစည်းကမ်း များကို ပြုစုရေးဆွဲရန် မိတ်ဖက်အဖွဲ့များနှင့် လက်တွဲဆောင်ရွက်ခြင်း။ ထိုကျင့်ဝတ်စည်းကမ်းများသည် အထူးသဖြင့် အသက်အပိုင်းအခြားအမျိုးမျိုးနှင့်ကျားမ ရောနှော သင်ကြားသောကျောင်းများအတွက်အသုံးဝင်သော ကာကွယ်စောင့်ရှောက်ရေး လုပ်ထုံးလုပ်နည်းတစ်ခု ဖြစ်နိုင်ပါသည်။
- မိန်းကလေးများအနေဖြင့်အမျိုးသမီးအချင်းချင်း ဆက်သွယ်ကာ အကူအညီရယူနိုင်ရန်အတွက် ဆရာမများနှင့် အမျိုးသမီးစာသင်ခန်းလက်ထောက်များ ခန့်ထားခြင်းကို အားပေးခြင်း။
- စခန်းတွင်းရှိကျောင်းများနှင့် ပညာရေးနေရာဌာနများကို စခန်းတစ်ခုလုံးမှ ကလေးများ ဘေးကင်းလုံခြုံစွာ အလွယ်တကူ လက်လှမ်းမီနိုင်သည့် နေရာတွင်ဖွင့်လှစ်ထားရှိခြင်း။
- အိမ်သာနှင့် ဆေးကြောသန့်စင်ရန် နေရာများအားယောက်ျားလေးများနှင့် မိန်းကလေးများအတွက် သီးသန့်စီခွဲခြားလျက် ကျောင်းပရဝုဏ်အတွင်းထားရှိပေးခြင်း။
- ကျောင်းအသွားအပြန် လမ်းကြောင်းများကို ပုံမှန်စောင့်ကြည့်လေ့လာ၍ ကလေးများကို အုပ်စုလိုက် သို့မဟုတ် လူကြီးတစ်ယောက် လိုက်ပါ၍သွားလာကြရန် အားပေးတိုက်တွန်းခြင်း။

- ➔ စာသင်ခန်းများတွင် ကလေးများ ကျပ်ညပ်ပြွတ်သိပ်မနေအောင် တတ်နိုင်သမျှ ဆောင်ရွက်ပေးပြီး စာသင်ခန်း တစ်ခန်းထဲတွင် အတန်းစုံ၊ အသက်အရွယ်စုံ ရောနှောမထားခြင်း။
- ➔ ဖြစ်လာနိုင်ဖွယ် ကာကွယ်စောင့်ရှောက်ရေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ပေးသည့် စနစ်များအပါအဝင်ကျောင်းတက်နေသောကလေးများအတွက် ပညာရေး၏အရည်အသွေးအား ကလေးများ၊ လူငယ်များနှင့်မိဘများကို တွေ့ဆုံမေးမြန်းခြင်းဖြင့် စောင့်ကြည့်လေ့လာခြင်း။
- ➔ ကျောင်းဝန်ထမ်းများနှင့် ကျောင်းသားများ၏ပြုမူပြောဆိုမှုများကို အနီးကပ်စောင့်ကြည့်လေ့လာနေကြောင်း သေချာအောင်လုပ်ဆောင်ပါ။
- ➔ ကလေးများ၊လူငယ်များ၊ ဆရာများနှင့်မိဘများအတွက် မကျေနပ်ချက်များကို တိုင်ကြားသတင်းပို့နိုင်သည့် အလွယ်တကူလက်လှမ်းမီပြီး လျှို့ဝှက်ထိန်းသိမ်းပေးသော လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့်တရားဥပဒေရေးရာ ဝန်ဆောင်ပံ့ပိုးမှုများအတွက်စနစ်တကျ ညှိနှိုင်းထားသော လွှဲပြောင်းညွှန်းပို့မှုစနစ်များထားရှိပေးခြင်း

သင်ကြားရေးပတ်ဝန်းကျင်များ

သင်ကြားရေးနေရာဌာနများသည် ကလေးများနှင့် ဆရာများအားလုံးအတွက် ဘေးကင်းလုံခြုံ၍ စိတ်ချရကြောင်းသေချာအောင်ဆောင်ရွက်ရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ပါသည်။

- ➔ သင်ကြားရေးနေရာဌာနများ၏ တည်နေရာရွေးချယ်ခြင်းသည် အလွန်အရေးပါပြီး ကလေးများ၊ အထူးသဖြင့် အန္တရာယ်ကျရောက်လွယ်သော အုပ်စုများမှ ကလေးများ ကျောင်းတက်၊ မတက် ဆိုသည့် အခြေအနေနှစ်ခုကြားမှ ကွာခြားချက်ကို ဖန်တီးဖြစ်ပေါ်စေနိုင်ပါသည်။
- ➔ လုံခြုံရေးအတွက် ကျောင်းများနှင့် အပန်းဖြေရာနေရာများသည် စခန်းအလယ်တွင် ထားရှိပြီး ပတ်ဝန်းကျင်မှ ထူထပ်သော ခြုံများကို ရှင်းလင်း၍ ယာဉ်အသွားအလာများသောလမ်းများ၊ အကြမ်းဖက်ခြင်း၊ အနှောင့်အယှက်ပြုခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းများရှိတတ်သည့် ပစ္စည်းဖြန့်ဝေသောနေရာများသို့မဟုတ် ဈေးများ ကဲ့သို့သော နေရာများမှဘေးကင်းလုံခြုံသည့် အကွာအဝေးတွင် ထားရှိရပါမည်။
- ➔ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေရှိသော အချက်အလက်များကို ထည့်သွင်းစဉ်းစားကာ သင်ကြားရေးနေရာဌာနများတွင် မိလ္လာရေဆိုးလျှံခြင်း၊ ရေကြီးခြင်း သို့မဟုတ် အခြား သဘာဝ ဘေးအန္တရာယ်များနှင့် မတွေ့ကြုံရကြောင်း သေချာအောင် ဆောင်ရွက်သင့်ပါသည်။
- ➔ ကျောင်းသားများ အထူးသဖြင့် အန္တရာယ်ကျရောက်လွယ်သော အုပ်စုဝင်များ သို့မဟုတ် သွားလာရေး အခက်အခဲရှိသော ကလေးသူငယ်များမှ သင်ကြားရေးနေရာဌာနများသို့ လာရောက်ရမည့် ခရီးအကွာအဝေးကို ထည့်သွင်းစဉ်းစားပါ။ ကျောင်းသားကျောင်းသူများသည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များ ဖြစ်ပေါ်နိုင်ခြေရှိသည့် နေရာများကို ဖြတ်သန်းလမ်းလျှောက်ခြင်း မပြုရစေရန်အတွက် ရောက်ရှိနိုင်သည့် လမ်းကြောင်းနှင့် တည်နေရာများကိုလည်း လေ့လာဆန်းစစ်ရပါမည်။
- ➔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ရေနှင့် သန့်ရှင်းရေးနှင့် ပညာရေးဝန်ဆောင်မှုပေးသူများနှင့်အတူ လက်တွဲကာ ရေပေးဝေရေး၊ ယောက်ျားလေးများ၊ မိန်းကလေးများနှင့် ဆရာများအတွက် သီးခြားအိမ်သာများ၊ လက်ဆေးရန်နေရာများနှင့် အမှိုက်စွန့်ပစ်ရန်နေရာများကိုစီစဉ်လုပ်ဆောင်ပေးရပါမည်။
- ➔ ကျောင်းတွင်းတွင်ကစားကွင်းများ၊ မီးဖိုနှင့် ကျွေးမွေးရေးအဆောင်များ တည်ဆောက်ခြင်းသို့မဟုတ် ခြံစည်းရိုးခတ်ခြင်းတို့သည် အစောပိုင်းကာလများ၏ ဆောက်လုပ်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများမဟုတ်သော်လည်း ကြိုတင်စီစဉ်ထားပြီး အခြေအနေပေးသည်နှင့်တစ်ပြိုင်နက် လုပ်ဆောင်ရပါမည်။
- ➔ နိုင်ငံအာဏာပိုင်များသည် ကျောင်းဆောက်လုပ်ခြင်းနှင့် ခင်းကျင်းပြင်ဆင်ခြင်းအတွက် ရှုပ်ထွေးသော လမ်းညွှန်များ ထားရှိတတ်ပါသည်။ ဖြစ်နိုင်လျှင် နိုင်ငံတကာစံနှုန်းများကိုလိုက်နာလျက် စခန်းတွင်းရှိ ကျောင်းအား ကောင်းစွာ ပံ့ပိုးထောက်ပံ့ထားသော ဒေသခံကျောင်းများထက်သာလွန်ခြင်း၊ ညံ့ဖျင်းခြင်းမရှိဘဲ တန်းတူရည်တူ ဖြစ်စေခြင်းက ဒေသခံရပ်ရွာလူထုနှင့် တင်းမာမှုကို လျော့နည်းစေမည်ဖြစ်ပြီး ထိန်းသိမ်းပြုပြင်ရန်လည်း ပိုမိုလွယ်ကူပါလိမ့်မည်။

ဒေသထွက်ပစ္စည်းများ ဂယ်ယူရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရပါမည်။ အရွယ်အစားကြီးမားသည့် စခန်းများ တည်ရှိလည်ပတ်နေခြင်းသည် များသောအားဖြင့် အနီးဝန်းကျင် အရပ်ဒေသရှိ သစ်တောထူထပ်မှုပမာဏအပေါ် ဆိုးကျိုးများ သက်ရောက်နိုင်ပါသည်။

သင်ကြားရေးနေရာဌာနများအတွက် အကြံပြုချက်များ

သင်ကြားရေးနေရာဌာနများအား အမှတ်အသားပြုခြင်း သို့မဟုတ် ခြံစည်းရိုးခတ်ခြင်း တို့ကို ပြုလုပ်သင့်ပါသည်။ ရေနှင့် အိမ်သာဆိုင်ရာ ဝန်ဆောင်ပစ္စည်းအဆောက်အအုံများအား ကျောင်းသားကျောင်းသူ များနှင့် ဆရာများမှလွဲ၍ မည်သူမျှ အသုံးမပြုသင့်ပါ။ ပညာသင်ကြားရာ နေရာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး ထောက်ပံ့ပစ္စည်းအဆောက်အအုံများနှင့် ဘေးကင်းလုံခြုံရေး ဆောင်ရွက်ချက်များမရှိပါက ကလေးများ ကျောင်းထွက်သွားနိုင်ပါသည်။ အထူးသဖြင့် မိန်းကလေးများ ကျောင်းတက်တော့မည် မဟုတ်ပါ။

ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - တည်နေရာ၊ တည်နေရာ၊ တည်နေရာ

စခန်းအတွင်းရှိ သင်ကြားရေးနေရာတစ်ခု၏ တည်နေရာသည်အလွန်အရေးပါပါသည်။ဥပမာ -စစ် ရှောင်လာသော ဆီးရီးယားလူမျိုးများအား နေရာချပေးရန်အတွက် ၂၀၁၂ခုနှစ်တွင်ဖွင့်လှစ်ခဲ့သော ဂျော်ဒန်နိုင်ငံရှိ ဇာအတာရီ ဒုက္ခသည် စခန်းတွင် ရွက်ဖျင်တဲကျောင်းအား အစားအစာဖြန့်ဝေသည့် နေရာနှင့်ကပ်လျက်တွင် ထူထောင်ခဲ့ပါသည်။ ထိုနေရာသည် အဆင်မပြေကြောင်း ကျောင်းသားကျောင်းသူများက ရှင်းပြကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဖြန့်ဝေရာနေရာတစ်ဝိုက်တွင် အခြေအတင်ငြင်းခုံမှု အများအပြားရှိတတ်ပြီး နောက်ဆုံးမျက်ရည်ယိုဗုံးကိုအသုံးပြုခြင်းနှင့် အခြားတင်းမာမှုများအထိ ပင် ဖြစ်ပွားလေ့ရှိပါသည်။ ကျောင်းသားကျောင်းသူများသည် အကြမ်းဖက်သည့် အခြေအနေများအတွင်း ပိတ်မိသွားနိုင်ခြေ ရှိ သည့်အတွက်ကျောင်းတွင်သို့မဟုတ် ကျောင်းပတ်ဝန်းကျင်တွင်ရှိနေရခြင်းမှာလုံခြုံသည်ဟုမခံစားရပါ။ ကျောင်းသားကျောင်း သူ များက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို တင်ပြခဲ့ခြင်းကြောင့် ကျောင်းကို စခန်းတွင်းရှိ အခြားနေရာတစ်ခုသို့ ပြောင်း ရွှေ့ ခဲ့၍ ပိုမိုကောင်းမွန်စွာ လက်လှမ်းမီသွားလာနိုင်ပြီးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအန္တရာယ်များလျော့နည်းသွားခဲ့ပါသည်။

စခန်းပညာရေးအစီအစဉ်များမှစခန်းအနီးဝန်းကျင်ရပ်ရွာမှ ကျောင်းများအား ထောက်ပံ့ကူညီပုံ

ကူညီထောက်ပံ့မှုများကောင်းစွာရရှိနေသောစခန်းများတွင်လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများသည် ပညာရေးစနစ်အား ပိုမိုအလေးထား ပံ့ပိုးလေ့ရှိရာ အနီးဝန်းကျင်ရပ်ရွာမှ ကျောင်းများအတွက် ၎င်းတို့ အစိုးရထံမှ ရရှိသော ကူညီထောက်ပံ့မှုများထက်ပင် ပိုမိုများပြားနိုင်ပါသည်။ ဤအခြေအနေမျိုးတွင် ပညာရေးဝန်ဆောင်မှုပေးသူများသည် စခန်းစီမံခန့်ခွဲရေးအေဂျင်စီနှင့်အတူ စခန်းအနီးဒေသခံကျောင်းများနှင့်ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်း၍ စခန်း၏ပညာရေးအစီအစဉ်များမှဒေသခံကလေးများလည်း အကျိုးကျေးဇူးခံစားနိုင်အောင် ကူညီရပါမည်။ စခန်းတွင်းနှင့် ဒေသခံ ပညာရေးစနစ်များအ ကြားအပြုသဘောဆောင်သော ချိတ်ဆက်မှုများထူထောင်နိုင်ရန်အတွက် ကောင်းမွန်သော ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ➔ စခန်းတွင်းရှိဆရာများအား လေ့ကျင့်ပေးသော သင်တန်းများတွင် ဒေသခံဆရာများကိုပါ ထည့်သွင်းပေးခြင်း။
- ➔ ဒေသခံပညာရေးစီမံအုပ်ချုပ်မှုအဖွဲ့နှင့်ပူးပေါင်း၍ ရွှေ့ပြောင်းနေထိုင်သည့် ကလေးများ၊လူငယ်များနှင့် ဒေသခံကလေး များ၊လူငယ်များအားလုံးအတွက်ပညာရေးနှင့် ပျော်ပွဲရွှင်ပွဲ ပူးတွဲအစီအစဉ်များကို ဒီဇိုင်းပုံစံရေးဆွဲခြင်း။
- ➔ မြေဖြူ၊ ခဲတံ၊ ဗလာစာအုပ်များ ကဲ့သို့သော သင်ကြားရေးနှင့် သင်ယူရေးပစ္စည်းများကို ဒေသခံကျောင်းများသို့ ထောက်ပံ့ခြင်း။ ထိုသို့ထောက်ပံ့ခြင်းဖြင့် စခန်းအတွက်ထောက်ပံ့ပေးထားသော ပစ္စည်များရောင်းစားခံရနိုင်ခြေကိုလ ည်း လျော့နည်းသွားစေနိုင်ပါသည်။

ပညာရေးဆိုင်ရာ နေရာဌာနများရှိ စုစည်းနေထိုင်ရာနေရာများ

ကျောင်းအဆောက်အဦးများကို စုစည်းနေထိုင်ရာနေရာများအဖြစ် အသုံးမပြုရပါ။ ကျောင်းများကို မလွဲမရှောင်သာ အသုံးပြုလိုက်ရသည့် အဖြစ်မျိုးမရောက်စေရန် အရေးပေါ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် ယာယီခိုလှုံရန် အဆောက်အဦးများအဖြစ် အသုံးပြုနိုင်မည့် အခြားနေရာများကို ကြိုတင် သတ်မှတ်ဖော်ထုတ်ထားသင့်ပါသည်။

ကျောင်းများအား နေထိုင်စရာနေရာအဖြစ် အသုံးပြုခြင်းအား ရှောင်လွဲမရသောအခါတွင် စုစည်းနေထိုင်ရာ နေရာ၏ စီမံခန့်ခွဲရေးအေဂျင်စီသည် သင်ကြားရေးနေရာဌာနများကို ယာယီခိုလှုံရန် အဆောက်အဦးများအဖြစ် အသုံးပြုခြင်း၏ ဆိုးကျိုးသက်ရောက်မှုအား အနည်းဆုံးအထိ လျှော့ချနိုင်ရန်အတွက်နိုင်ငံအာဏာပိုင်များ၊ ရပ်ရွာလူထုများနှင့်အတူ လက်တွဲ၍ လုပ်ဆောင်ပေးနိုင်ပါသည်။

- ➔ အဆောက်အဦတစ်ခုကို ပညာရေးနှင့် ယာယီခိုလှုံရေးတို့အတွက် တစ်ပြိုင်နက်အသုံးပြုခြင်းကို ရှောင်ရှားရပါမည်။ ကျောင်းတစ်ကျောင်းကို စုစည်းနေထိုင်ရာနေရာတစ်ခုအဖြစ် အသုံးပြုမည်ဆိုပါက ကျောင်းအတွက် အခြားနေရာတစ်နေရာကို အလျှင်အမြန် သတ်မှတ်ဖော်ထုတ်ရပါမည်။ ရွှေ့ပြောင်းနေထိုင်မှုတစ်ခုကြောင့် ပညာရေးအား လျှော့ချခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို လက်သင့်မခံသလို ရှောင်ရှားရပါမည်။
- ➔ ကျောင်းများ သို့မဟုတ် အခြားပညာရေးအဆောက်အအုံ နေရာဌာနများကို စုစည်းနေထိုင်ရာနေရာစီမံခန့်ခွဲရေးအေဂျင်စီ ၊နန်ထမ်းများ သို့မဟုတ် နိုင်ငံအာဏာပိုင်များအတွက် အုပ်ချုပ်ရေးရုံးများအဖြစ် မည်သို့သောအခြေအနေမျိုးတွင်မျှ အသုံးမပြုရပါ။
- ➔ ပညာရေးအတွက် အသုံးပြုသော အခန်းများနှင့် ယာယီခိုလှုံရေးအတွက် အသုံးပြုသော အခန်းများကြားတွင်သော်လည်းကောင်း၊ ရေနှင့် ပတ်၀နန်းကျင်သန့်ရှင်းရေးဆိုင်ရာ ထောက်ပံ့ပစ္စည်း အဆောက်အအုံများကိုသော်လည်းကောင်း ရှင်းလင်းထင်ရှားစွာ ခွဲခြားသတ်မှတ်ပေးထားရပါမည်။
- ➔ ပညာရေးနှင့် ယာယီခိုလှုံရေးတို့ ပူးတွဲတည်ရှိနေမှုသည် ကလေးများနှင့် လူငယ်များအတွက် ကြီးမားသော ကာကွယ်စောင့်ရှောက်ရေး အန္တရာယ်အသစ်များ ဖြစ်ပေါ်လာနိုင်ခြေ ရှိပါသည်။ ဤအန္တရာယ်ဖြစ်နိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ပေးရန်နှင့် စီမံဆောင်ရွက်ပေးရန် အရေးကြီးပါသည်။
- ➔ ကျောင်းအဆောက်အဦအားစုစည်းနေထိုင်ရာနေရာအဖြစ် အသုံးပြုနေစဉ်ကာလအတွင်း ကျောင်းပိုင် ပစ္စည်းများ ပျက်စီးမသွားစေရန် ကာကွယ်စောင့်ရှောက်ပေးရပါမည်။ သိုလှောင်ရာနေရာအဖြစ် သတ်မှတ်ထားသော လုံခြုံစိတ်ချရသည့်နေရာသို့ စာကြည့်တိုက်များ၊ ဖိုင်တွဲများ၊ ဓါတ်ခွဲခန်းသုံးပစ္စည်းများနှင့်စားပွဲကုလားထိုင်များကို ပြောင်းရွှေ့ထားခြင်းဖြင့် ပျက်စီးဆုံးရှုံးမှုများကို ရှောင်ရှားနိုင်ပါသည်။
- ➔ ဖြစ်နိုင်လျှင် ပညာရေးအ၀နန်းအဝိုင်းသည် စုစည်းနေထိုင်ရာနေရာအဖြစ် အသုံးပြုနေသော ကျောင်း၏ စီမံအုပ်ချုပ်ရေးတွင် ပါ၀င်ဆောင်ရွက်သင့်ပါသည်။ ပညာရေးလုပ်ဆောင်သူများသည် စုစည်းနေထိုင်ရာ နေရာစီမံခန့်ခွဲရေးအေဂျင်စီနှင့်လက်တွဲကာ ထိုနေရာတွင် နေထိုင်သူများ၏ ဘ၀သာယာ ပျော်ရွှင်ရေးကို အထောက်အကူပြုသည့် လုပ်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ပေးနိုင်ပါသည်။ ထိုလုပ်ဆောင်မှုများသည် ဒေသခံနှင့် ရွှေ့ပြောင်းနေထိုင်သူများ အားလုံးအတွက် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေပါသည်။
- ➔ ကျောင်းနေရာကို အသုံးပြုခွင့်ပေးခဲ့ရသည့်အတွက် ပညာရေးအဝန်းအဝိုင်း၏ နစ်နာမှုအား လက်ဆုပ် လက်ကိုင်ပြနိုင်သော အကျိုးကျေးဇူးများဖြင့် အစားထိုးပေးလျော်နိုင်မည့်နည်းလမ်းတစ်ရပ်ကို ရှာကြံဆောင်ရွက် ပေးခြင်းသည် မကျေမနပ်ဖြစ်မှုများနှင့် ပဋိပက္ခဖြစ်လာနိုင်ခြေတို့ကို လျှော့ချရန် အထောက်အကူပြုနိုင်ပါသည်။ စုစည်းနေထိုင်ရာနေရာစီမံခန့်ခွဲရေးအေဂျင်စီများသည် ကျောင်းအဆောက်အဦ သို့မဟုတ် ကျောင်းပတ်၀နန်းကျင်အား ပညာရေးအာဏာပိုင်များထံသို့ ပြန်လည်မပေးအပ်မီ ပိုမိုကောင်းမွန်လာအောင် ပြုပြင်ပေးနိုင်ပါသည်။အိမ်သာနှင့် သန့်ရှင်းရေးထောက်ပံ့ပစ္စည်းအဆောက်အအုံများကို တိုးချဲ့ဆောက်လုပ်ပေးခြင်းနှင့် ပိုမိုကောင်းမွန်အောင် ပြုပြင်ပေးခြင်း၊ အဆောက် အဦများကိုပိုမိုခိုင်မာလာအောင် အားဖြည့်ပြုပြင်ခြင်း သို့မဟုတ် ကစားကွင်းများအား ပိုမိုကောင်း မွန်အောင် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ပါသည်။
- ➔ ပညာရေးအဆောက်အအုံများကို ၎င်းတို့၏ မူလလုပ်ငန်းတာ၀နှ်အတွက် ပြန်လည်ပေးအပ်ရမည့် နောက်ဆုံးအချိန်အား

မူလအစကတည်းကပင် သတ်မှတ်ပေးပြီး အတတ်နိုင်ဆုံး လိုက်နာဖြည့်ဆည်းပေးရပါမည်။ အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပြီးနောက်ပိုင်းအချိန်ကာလကြာမြင့်စွာ ကျောင်းထဲတွင် မိသားစုများအား အကန့်အသတ်မရှိ နေထိုင်ခြင်းမှ တားဆီးကာကွယ်ရန် ဆောင်ရွက်သင့်သည်များကို အားထုတ်လုပ်ဆောင်ရပါမည်။

➔ မည်သည့်အချိန်တွင်မဆို အတင်းအကြပ် နှင်ထုတ်ခြင်းများ မပြုရပါ။

စုစည်းနေရာ လမ်းညွှန်များ (Collective Centre Guidelines) (CCCM Cluster၊ ၂၀၁၀), စာမျက်နှာ ၁၀၈-၁၀၉ကိုမှီငြိမ်းပါသည်။

သင်ကြားခြင်းနှင့် သင်ယူခြင်း

လတ်တလောအရေးပေါ်အခြေအနေများတွင်- ရိုးရှင်း၍ ဘေးကင်းလုံခြုံပြီး အထောက်အပံ့ဖြစ်နိုင်စေရန် ဆောင်ရွက်ပါ။

ရွှေ့ပြောင်းနေထိုင်ရသောအခြေအနေတွင်ဆီလျော်သက်ဆိုင်မှုသည် ပညာရေး၏ အဓိကကျသောအခြေခံသဘောတရား တစ်ခုဖြစ်ပါသည်။ အလွန်အရေးကြီးပြီး တစ်ခါတစ်ရံ အသက်ကယ်နိုင်သော ကျွမ်းကျင်မှုများကို သင်ကြားပေးရန် လိုအပ်သည့်အတွက်သင်ယူရမည့်အရာများနှင့် သင်ရိုးညွှန်းတမ်းများ ဆီလျော်မှုရှိရေးကို များစွာအလေးထားရပါမည်။

စိုးရိမ်ဖွယ်အဆင့်ရှိသော အရေးပေါ်အခြေအနေကာလတွင်များသောအားဖြင့် ပုံမှန်သင်ရိုးညွှန်းတမ်းကို လိုက်နာလေ့မရှိဘဲ သင်ယူရမည့်အကြောင်းအရာများတွင် ကလေးများအားဘေးကင်းလုံခြုံစေ၍ စိတ်အေးလက်အေးရှိစေမည့်အရိုးရှင်းဆုံးသတင်းစကားများကိုသာ ထည့်သွင်းသင်ကြားပေးနိုင်ပါသည်။ ရွှေ့ပြောင်းနေထိုင်ရသောကလေးများသည် များသောအားဖြင့်၎င်းတို့၏ ပတ်ဝန်းကျင်အသစ်နှင့် အကျွမ်းတဝင်မရှိကြသဖြင့် ဘေးအန္တရာယ်များနှင့် အွန္တရာယ်ကျရောက်နိုင်ခြေများကို သတိမမူမိဘဲ ဖြစ်နေနိုင်ပါသည်။ သတင်းစကားများတွင်အောက်ပါတို့ ပါဝင်နိုင်ပါသည်။

➔ ရေစီးသန်သောမြစ် သို့မဟုတ် မြေမြှုပ်မိုင်းကဲ့သို့သော ဘေးအန္တရာယ်များကို မည်ကဲ့သို့ရှောင်ရှားရမည်

➔ နောက်ထပ်သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာပါက မည်သည်တို့ကို လုပ်ဆောင်ရမည်

➔ အိမ်သာသုံးပြီးနောက် လက်ကိုဆပ်ပြာနှင့်ဆေးခြင်း နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်ကောင်းများကို မည်သို့ လုပ်ဆောင်ရမည်

➔ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှုမှမိမိကိုယ်မိမိ မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်ရမည် နှင့် ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များ မည်ကဲ့သို့ သတင်းပို့တိုင်ကြားရမည်

➔ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစားအစာများမည်ကဲ့သို့ ရယူရမည်

➔ ပဋ္ဌိပက္ခ စီမံခန့်ခွဲမှု အရည်အသွေးများ

➔ ပြဿနာ ဖြေရှင်းခြင်းနှင့် ရင်ဆိုင်ကျော်လွှားမှု နည်းလမ်းများ

ကလေးများအတွက် အခြားသက်တူရွယ်တူများနှင့် ကစားရန်နှင့် ကလေးများတွင် ပြောဆိုလိုစိတ်ရှိပါကကြောက်ရွံ့မှုများ၊ ရွှေ့ပြောင်းနေထိုင်ရခြင်းနှင့်စပ်လျဉ်းသော အကြောင်းများ၊ အနာဂတ်အစီအစဉ်များ သို့မဟုတ် ယခင်ကအတွေ့အကြုံများ စသည်တို့ကို ဆွေးနွေးရန် အခွင့်အရေးပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ နှင့် လူမှုရေးအထောက်အကူများပေးခြင်းသည် အရည်အသွေးမီပညာရေး၏ တန်ဖိုးရှိသော အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ပါသည်။ အထူးသဖြင့် အရေးပေါ်အခြေအနေတုံ့ပြန်မှု၏ အစောပိုင်းအဆင့်တွင် ဖြစ်ပါသည်။

အဖွဲ့အစည်းပေါင်းစုံအမြဲတမ်းကော်မတီ (IASC) ၏အရေးပေါ်အခြေအနေများအတွက် စိတ်ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးထောက်ပံ့ကူညီမှုဆိုင်ရာလမ်းညွှန်များတွင် ဖော်ပြထားသည်မှာ လူသားချင်းစာနာထောက်ထားမှုအခြေအနေများတွင် ကလေးသူငယ်များ၏ အတွေ့အကြုံများကို အလွန်အကျွံကုစားပေးခြင်း မပြုရန် သတိပေးထားပါသည်။ ကလေးနှင့် လူငယ်အများစုသည် ပညာရေးကဲ့သို့သော တည်ငြိမ်မှုနှင့် ပုံမှန်လည်ပတ်မှုတို့ကို ပေးစွမ်းနိုင်သည့် အခြေခံဝန်ဆောင်မှုများဖြင့်သာ ပံ့ပိုးကူညီပေးမည်ဆိုပါက အလိုက်သင့်တွန်းလှန်လွန်မြောက်နိုင်စွမ်း ရှိကြပြီး ခက်ခဲကြမ်းတမ်းသော အတွေ့အကြုံများမှ ပြန်လည်နာလန်ထူလာနိုင်သည်ဟု ဖော်ပြထားပါသည်။ ၎င်းတို့ထဲမှ အနည်းငယ်မျှလောက်ကသာ နာလန် ပြန်မထူနိုင်ဘဲ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများထံ ညွှန်းပို့ပေးရန် လိုအပ်နိုင်ပါသည်။ ဆရာဖြစ်သင်တန်းများတွင် ကူညီပံ့ပိုးပေးရန် လိုအပ်နေသည့် ကလေးသူငယ်များကို ဖော်ထုတ် သိရှိနိုင်မည့် လမ်းညွှန်များနှင့် လွှဲပြောင်းညွှန်းပို့မှုဆိုင်ရာသတင်းအချက်အလက်များကို ထည့်သွင်းပေးရန် အရေးကြီးပါသည်။

အချိန်ကာလရှေ့လျားလာသောအခါ အရေးအဖတ်၊ အတွက်အချက်ကဲ့သို့သော ပညာရပ်ဆိုင်ရာ ဘာသာရပ်များကို ပိုမိုအလေးထားလျက် ပုံမှန်သင်ရိုးညွှန်းတမ်းကိုတဖြည်းဖြည်းချင်း သင်ကြားပေးနိုင်ပါသည်။ ဤအဆင့်တွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည်ရှေ့ပြောင်းနေထိုင်နေစဉ်ကာလအတွင်း ပုံမှန်ကျောင်းသင်ပညာရေးကို ပံ့ပိုးပေးခြင်းနှင့်သက်ဆိုင်သည့် ရှုပ်ထွေး၍ အရေးကြီးသော ကိစ္စရပ်အချို့အား သိရှိထား ရန် အရေးကြီးပါသည်။

ကျောင်းသား/ဆရာအချိုး

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ(UNHCR)မှ ဒုက္ခသည်ကလေးများအတွက် ကျောင်းများတွင် ကျောင်းသား ၄၀ လျှင် ဆရာတစ်ယောက်အချိုးဖြင့် သင်ကြားပေးရန် အကြံပြုထားပါသည်။ INEE အနိမ့်ဆုံးစံများကမူကျောင်းသား/ဆရာအချိုးဆိုင်ရာ စံအား ဒေသအခြေအနေကိုလိုက်ကာမသန်စွမ်းသူကလေးများ အပါအဝင် ကလေးများနှင့် လူငယ်များအားလုံး ပါဝင်တက်ရောက်နိုင်စေမည့် လက်တွေ့ကျသော အတန်းအရွယ်အစားကို သတ်မှတ်ပေးရန် အကြံပြုထားပါသည်။

ကြိုတင်မျှော်တွေးကာ အစီအစဉ်ရေးဆွဲခြင်း- သင်ရိုးညွှန်းတမ်း၊ ဘာသာစကားနှင့် အသိအမှတ်ပြုလက်မှတ်များကို ထည့်သွင်းစဉ်းစားခြင်း

ဖြစ်နိုင်၍သင့်လျော်ပါက အိမ်ရှင်နိုင်ငံ၏ သင်ရိုးညွှန်းတမ်းအတိုင်းကလေးများအတွက် ပညာရေး အစီအစဉ်များကို လုပ်ဆောင်ပေးရန် ယေဘုယျအားဖြင့် အကြံပြုထားပါသည်။ အဆင့်အားလုံးတွင် သင်ရိုးညွှန်းတမ်း၊ သင်ကြားရေးသုံးဘာသာစကားနှင့်သက်ဆိုင်သော ကိစ္စရပ်များအား ရပ်ရွာလူထုနှင့် ညှိနှိုင်းတိုင်ပင်ကာဂရုတစိုက် စဉ်းစားသုံးသပ်ရပါမည်။ ဖြစ်နိုင်လျှင် ရွှေ့ပြောင်းနေထိုင်ရသောကလေးများအား ဒေသခံကျောင်းများရှိအမျိုးသားပညာရေးစနစ်အတွင်းပေါင်းစည်းထည့်သွင်းကာ သင်ယူစေရပါမည်။ ရွှေ့ပြောင်းနေထိုင်ရသော ကလေးများအားလုံးသည်အနီးဝန်းကျင်မှကျောင်းများအတွင်း အပြည့်အဝပေါင်းစည်းသင်ယူနိုင်ကြောင်း သေချာစေရန်အတွက် လိုအပ်ပါက ဘာသာစကားအတွက် ကူညီပံ့ပိုးပေးခြင်းများ သို့မဟုတ် လွတ်သွားသောစာများကို လိုက်နိုင်ရန်အတွက် ဖြည့်စွက်သင်ကြားပေးခြင်းများကို ဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားရပါမည်။ ဒုက္ခသည်အခြေအနေများနှင့် ရွှေ့ပြောင်းနေထိုင်ရသောကလေးများအားဒေသခံကျောင်းများတွင် ပေါင်းစည်းထည့်သွင်းမပေးနိုင်သော နေရာများတွင် သင့်လျော်သော ပညာရေးဂန်ဆောင်မှုပေးခြင်းသည် စိန်ခေါ်မှုများနှင့် ကြုံတွေ့နိုင်ပါသည်။ ဒေသခံကျောင်းများတွင် ပေါင်းစည်းသင်ယူနိုင်ခြင်း မရှိပါက ရွှေ့ပြောင်းနေထိုင်ရသော ကလေးများသည် စခန်းတွင်းကျောင်းများ၌ ကျောင်းပညာကို သင်ယူနိုင်ရပါမည်။ ဤကဲ့သို့ သောအခြေအနေများတွင် များသောအားဖြင့်စခန်းတွင်းရှိ ကျောင်းများသည် ဒေသခံကျောင်းများ၏ သင်ရိုးညွှန်းတမ်းကို လိုက်နာသင်ကြားကြရန် အကြံပြုထားပါသည်။ ရေရှည်တွင် ကျောင်းသားများနှင့် ဆရာများအားအမျိုးသားပညာရေးစနစ်အတွင်းသို့ ပေါင်းစည်းသင်ကြားရေးအဆင်ပြေစေရန် စခန်းတွင်း ကျောင်းများအတွက် နိုင်ငံအာဏာပိုင်များထံမှ ထောက်ပံ့ကူညီမှုနှင့် ပူးပေါင်းလုပ်ဆောင်မှုတို့ ရရှိအောင် ကြိုးပမ်းရပါမည်။

အသုံးပြုသောသင်ရိုးညွှန်းတမ်းကိုပြန်လည်သုံးသပ်ကာ တတ်နိုင်သမျှ ကျားမ သာတူညီမျှမှု၊ သီးသန့်လိုအပ်ချက်များ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးထောက်ပံ့ကူညီမှုနှင့်ငြိမ်းချမ်းရေးအတွက်ပညာပေးခြင်းတို့ကိုထည့်သွင်းစဉ်းစားကာ ပေါင်းစပ် ထည့်သွင်းရန် ဆောင်ရွက်ရပါမည်။ ပဋိပက္ခတွင်ပါဝင်သော အုပ်စုတစ်စုချင်းစီ၏ တစ်ဖက်သတ် သမိုင်း နောက်ခံ ဇာတ်လမ်းများကို အားပေးသင်ကြားကြခြင်း သို့မဟုတ် အချို့သောအုပ်စုများကို ခွဲခြားဆက်ဆံသော ပုံစံဖြင့် ပုံဖော်ခြင်းများ ကြောင့် ပညာရေးသည်ပဋိပက္ခကို မီးထိုးပေးသကဲ့သို့ ဖြစ်ခဲ့သည့် အခြေအနေများလည်း ရှိခဲ့ဖူးပါသည်။ ထို့ကြောင့် သင်ရိုးညွှန်းတမ်းသည်လူမှုရေး ကျွမ်းဂဝင်ရင်းနှီးပေါင်းစပ်မှုကို လျော့ပါးစေခြင်းမရှိဘဲ အထောက်အပံ့ပြုကြောင်း သေချာစေရန် အရေးကြီးပါသည်။

ပညာရေးပြတ်တောက်မှုကို ကာမိစေရန် သင်ရိုးများပေါင်းကူးပေးခြင်း သို့မဟုတ် အရှိန်မြှင့်သင်ယူရေး အစီအစဉ်များကို အသုံးပြုခြင်းဖြင့် သင်ရိုးညွှန်းတမ်းကို ပြန်လည်ထိန်းညှိပေးရန် လိုအပ်နိုင်ပါသည်။ မကြာခဏပင် ပဋိပက္ခနှင့် ရွှေ့ပြောင်းနေထိုင်ရခြင်းများကြောင့် နှစ်များစွာ ကျောင်းပြင်ပရောက်နေပြီး သက်တူရွယ်တူကျောင်းသားများကို အမီလိုက်နိုင်ရန်အတွက်ထောက်ပံ့ကူညီမှုများ လိုအပ်နေမည့် အရွယ်လွန်ကျောင်းသားများစွာ ရှိလာပါသည်။ အရွယ်လွန်ကျောင်းသားများအမြောက်အများရှိသည့် နေရာများတွင် ထိုလူငယ်များကိုမူလတန်းများတွင် ၎င်းတို့ထက် ငယ်သောကလေးများနှင့်အတူ သင်ကြားပေးရန် ကြိုးစားခြင်းထက်

သီးခြားလူငယ်ပညာရေး သို့မဟုတ် အရှိန်မြှင့်သင်ကြားရေး အစီအစဉ်များထူထောင်လုပ်ဆောင်ရန် အကြံပြုထားပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကျောင်းပြကွဒိန်အတိုင်း စာသင်နှစ်တစ်နှစ်ကို သတ်မှတ်၍ ပိတ်ရက်များတွင် အချိန်ပိုသင်ပေးခြင်း သို့မဟုတ် လိုအပ်လျှင် သီးခြားပညာသင်ကာလတစ်ခုသတ်မှတ်ကာ စာလိုက်မီရေးဆောင်ရွက်ပေးနိုင်ပါသည်။

အထောက်အထားစာရွက်စာတမ်းများသည်အတားအဆီးတစ်ခုမဖြစ်စေရပါ

အထောက်အထားစာရွက်စာတမ်းများသည် ကျောင်းအပ်နှံခြင်းနှင့် စာမေးပွဲဖြေဆိုခြင်းတို့အတွက် အတားအဆီးတစ်ခု ဖြစ်မနေစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီများနှင့် ပညာရေးဝန်ဆောင်မှုပေးသူများသည် နိုင်ငံအာဏာပိုင်များနှင့်အတူ လုပ်ဆောင်ကြရပါမည်။ တစ်ခါတစ်ရံရွှေ့ပြောင်းနေထိုင်ရသော ကလေးများသည် အသိအမှတ်ပြုကဒ်ပြားများ သို့မဟုတ် ယခင်ပညာအရည်အချင်းအဆင့်ကိုဖော်ပြသော အောင်လက်မှတ်များ မပြနိုင်၍ ကျောင်းနေခွင့်ရရန် သို့မဟုတ် အတန်းတင် စာမေးပွဲ ဖြေဆိုရန် ငြင်းပယ်ခံရနိုင်ပါသည်။

ကျောင်းသား၊ ကျောင်းသူများအောင်လက်မှတ်ရရှိရေးအတွက်လည်းသတ်သတ်မှတ်မှတ် အားထုတ် ဆောင်ရွက်ပေးရန် လိုအပ်ပါလိမ့်သည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလတန်းနှင့် အထက်တန်းကျောင်းပြီးစီးကြောင်းအောင်လက်မှတ်များသည် အထူးအရေးကြီးသော ကိစ္စရပ် ဖြစ်ပါသည်။ ထို့အပြင်ရွှေ့ပြောင်းနေထိုင်ရခြင်း သို့မဟုတ် နိုင်ငံရင်းသို့ပြန်ပို့ပေးခြင်း/နေရပ်ပြန်ခြင်းသည် ပညာသင်နှစ်အလယ်တွင် ဖြစ်ပေါ်လာပါက ဒုက္ခသည်များ၊ IDPများနှင့် နေရပ်ပြန်ကြသူများသည် မပြီးဆုံးသေးသည့် ပညာသင်နှစ်အတွက်အထောက်အထားလက်မှတ်ရရှိရန်နှင့် ထိုလက်မှတ်အား အသိအမှတ်ပြုခံရရန်အတွက် စိန်ခေါ်မှုများကြုံတွေ့နိုင်ပါသည်။ ရွှေ့ပြောင်းနေထိုင်ရသောကျောင်းသား၊ ကျောင်းသူများအတွက်ကျောင်းအောင်လက်မှတ်များသည်၎င်းတို့၏ နေရပ် သို့မဟုတ် ၎င်းတို့ကို လက်ခံနေရာပေးထားသော ရပ်ရွာအတွင်းရှိ ပညာရေးစနစ် သို့မဟုတ် အလုပ်အကိုင်စျေးကွက်အတွင်းသို့ထိရောက်စွာ ပေါင်းစည်းဝင်ရောက်နိုင်ရေးအား အထောက်အကူပြုသဖြင့် မရှိမဖြစ်လိုအပ်ပါသည်။

နိုင်ငံအာဏာပိုင်များမှကျောင်းအောင်လက်မှတ်များကို အသိအမှတ်ပြုရေးသည် နောက်ထပ်စိန်ခေါ်မှု တစ်ခုဖြစ်ပြီး ရွှေ့ပြောင်းနေထိုင်ရသော ကျောင်းသားကျောင်းသူများရရှိသည့် လက်မှတ်များသည် အသိအမှတ်ပြုခံရကြောင်း သေချာစေရန် သက်ဆိုင်ရာအာဏာပိုင်များနှင့်အတူ လုပ်ဆောင်ရန် လိုအပ်ပါသည်။ထိုသို့သော လုပ်ဆောင်ချက်များသည် များသောအားဖြင့်မူ ဝါဒအဆင့်လုပ်ဆောင်ချက်များဖြစ်ပြီး လက်ခံထားသည့်နိုင်ငံနှင့် မူရင်းနိုင်ငံများရှိ ပညာရေးဂန်ကြီးဌာနများနှင့်ပတ်သက်နေပါသည်။ ယူနီဆက်၊ယူနက်စကိုနှင့် ပညာရေးအစုအဖွဲ့/ကဏ္ဍဦးဆောင်အေဂျင်စီနှင့် ဆရာများသမဂ္ဂကဲ့သို့သော အခြားပညာရေးလုပ်ဆောင်သူများနှင့် မိတ်ဖက်ပြုဆောင်ရွက်ခြင်းများကိုလည်း အားပေးတိုက်တွန်းရပါမည်။

မူလတန်းလွန်၊ အထက်တန်းပညာရေးနှင့် လူငယ် လုပ်ရှားမှုများ

ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - "ကျောင်းမတက်ရလျှင် အသက် ၁၂နှစ်သို့မဟုတ် ၁၃နှစ်တွင် လက်ထပ်ကြရမည်"

စခန်းတွင်းတွင် အထက်တန်းကျောင်းပညာရေးမရှိခြင်းသည် အမျိုးသမီးများ အထူးသဖြင့် ပျိုရွယ်သူ မိန်းကလေးများအတွက် အဓိက စိုးရိမ်ပူပန်ဖွယ်ရာတစ်ခုအဖြစ် အုပ်စုအမျိုးမျိုးက ဖော်ထုတ်ပြောဆိုကြပါသည်။ ယူနီတီပြည်နယ်ရှိ အခြားတစ်နေရာမှ ဒုက္ခသည်စခန်းတစ်ခုတွင် အထက်တန်းကျောင်းဖွင့်လှစ်သောအခါ မိသားစုများက ယဉ်ကျေးမှုနှင့် ဘေးကင်းလုံခြုံရေး အကြောင်းကိစ္စများကြောင့်သမီးများထက် သားများကိုသာ ထိုကျောင်းသို့ ပို့လိုကြောင်းပြောကြားကြပါသည်။ မိန်းကလေးများအတွက်လွယ်လင့်တကူ ပညာသင်ယူနိုင်မှုမရှိခြင်းကြောင့် မိသားစုများအပေါ် ကျရောက်နေသောသမီးများ၏ ဂန်ထုပ်ဂန်ပိုးကို လျော့နည်းသွားစေရန်အတွက်မိသားစုများက ၎င်းတို့အား အသက်ငယ်ရွယ်စဉ်မှာပင်အိမ်ထောင်ချပေးရန် ပိုမိုလိုလားကြသည်ဟု မိန်းကလေးများက ပြောပြကြပါသည်။ "သူတို့ တက်စရာ ကျောင်းမရှိရင် အသက် ၁၂ နှစ် ဒါမှမဟုတ် ၁၃ နှစ်ရောက်ရင်အိမ်ထောင်ပြုရမယ်" ဟုအမျိုးသမီးတစ်ဦးက ပြောပါသည်။ ဤအချက်ကို အဓိကသတင်းပေးသူများ၊ အထူးသဖြင့် ပျိုရွယ်သူမိန်းကလေးများအရေးဆောင်ရွက်ပေးနေသူများက အတည်ပြုကြပါသည်။

> မျိုးဆက်ပွားကျန်းမာရေးနှင့် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေပြုသောအကြမ်းဖက်မှုအားလျှင်မြန်စွာ လေ့လာဆန်းစစ်မှု၊ ယီဒါ ဒုက္ခသည်စခန်း၊ တောင်ဆူဒန်၊ ဖေဖော်ဂါရီ ၂၀၁၂၊ နိုင်ငံတကာကယ်ဆယ်ရေး ကော်မတီ။

လူငယ်အစီအစဉ်များသည် လူငယ်များနှင့် ၎င်းတို့၏ ရပ်ရွာလူထုများအတွက် အရေးပါလှပါသည်။ လူငယ်များကို ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး၊ အတွက်အချက်နှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို လက်လှမ်းမီစေပြီး အဓိပ္ပါယ်ပြည့်ဝသော သင်ယူရေးပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန် အလွန်အရေးကြီးပါသည်။ အသက် ၁၂ နှစ်အထက်လူငယ်များအတွက် အထက်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများနှင့် အားကစားကလပ်များကဲ့သို့သော ပညာရေးနှင့် သင်တန်းဌာနများ ထူထောင်ရန်အတွက် ရှင်းလင်းဆွေးနွေးတင်ပြခြင်းများကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှတွန်းတွန်းတိုက်တိုက် ဆောင်ရွက်ရပါမည်။

ထိုအစီအစဉ်များတွင် အသက်အရွယ်အမျိုးမျိုးရှိသော လူငယ်များ၏ ကျားမအလိုက် ကွဲပြားခြားနားသော လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပေးသင့်ပါသည်။ ပညာရေးကို လက်လှမ်းမီရယူရာတွင် ကြုံတွေ့ရသော အခက်အခဲများကို စဉ်ဆက်မပြတ် သတ်မှတ်ဖော်ထုတ်ကာ ကိုင်တွယ်ဖြေရှင်းပေးနေသည့်လုပ်ငန်းစဉ်တွင် ပညာရေးဝန်ဆောင်မှုပေးသူများသည် ကျောင်းသား ကျောင်းသူများကိုပါ ထည့်သွင်းပါဝင်စေကြောင်း သေချာစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဆောင်ရွက်ရပါမည်။ မိန်းကလေးများအတွက် သီးခြားအစီအစဉ်များတွင် မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုများ၊ မမွေးဖွားမီနှင့် မွေးဖွားပြီး ပြုစုစောင့်ရှောက်ခြင်း၊ သားသမီးပြုစုပျိုးထောင်ခြင်း၊ ဘဝတွက်တာသိမှတ်စရာသင်တန်းနှင့် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုအတွက် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း စသည်တို့ကိုသင့်တော်သလို ထည့်သွင်းပေးသင့်ပါသည်။

လူငယ်အစီအစဉ်များ

စခန်းများရှိဆယ်ကျော်သက်နှင့် လူငယ်များမှာ ရသင့်သော ဝန်ဆောင်မှုများစွာကို မရရှိခြင်းကြောင့်၎င်းတို့၏ စွမ်းဆောင်ရည်များကိုအလဟဿပြုန်းတီးသွားစေပြီး၎င်းတို့၏ကာယဉာဏစွမ်းအားများသည်လူမှုအသိုင်းအဝိုင်းကိုထိခိုက်စေသည့်လုပ်ရပ်များဆီသို့ရောက်ရှိသွားစေနိုင်သည်ကိုအတွေ့အကြုံကပြသနေပါသည်။ ပဋိပက္ခအခြေအနေအများအပြားတွင် ဆယ်ကျော်သက်ယောက်ျားလေးများသည်လက်နက်ကိုင်တပ်ဖွဲ့များ၏စစ်သားစုဆောင်းခြင်းကိုခံရနိုင်ခြေရှိသကဲ့သို့မိန်းကလေးများသည်လည်းပိုမိုများပြားလာသည့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုခြင်းသို့မဟုတ် အတင်းအကြပ်လက်ထပ်ပေးခြင်းအန္တရာယ်များနှင့် တွေ့ကြုံနိုင်ခြေရှိပါသည်။ လူငယ်များအတွက်ဦးတည်ဆောင်ရွက်ပေးသောအစီအစဉ်များသည်ထိုအန္တရာယ်ဖြစ်နိုင်ခြေများလျှော့ချနိုင်ရန် အထောက်အကူပြုပါသည်။

လူငယ်ဆိုင်ရာ အရေးကိစ္စများအားဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ကြရန် အလွန်အရေးကြီးပါသည်။ စခန်းအခြေအနေများတွင် ရှေ့ပြောင်းနေထိုင်ရသည့် လူငယ်များ၏ သီးခြားလိုအပ်ချက်များကိုလေ့လာဆန်းစစ်ရန်နှင့် ဖြည့်ဆည်းပေးရန်အတွက် ကဏ္ဍပေါင်းစုံချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြုရန် အကြံပြုထားပါသည်။

ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ဇာအတာရီစခန်းမှ လူငယ်ဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့

ဆီးရီးယားလူမျိုးဒုက္ခသည်များအတွက် ဂျော်ဒန်နိုင်ငံရှိ ဇာအတာရီစခန်းတွင် လူငယ်ဆိုင်ရာအထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့်ကျားမလူမှုကဏ္ဍ ကွဲပြားမှုကိုအခြေခံသောအကြမ်းဖက်မှုကဏ္ဍလုပ်ငန်းအဖွဲ့ခွဲနှင့် ပညာရေးကဏ္ဍလုပ်ငန်းအဖွဲ့တို့၏ ထောက်ပံ့ကူညီမှုဖြင့် ဖွဲ့စည်းထူထောင်ခဲ့ကြပါသည်။ ထိုအထူးလုပ်ငန်းအဖွဲ့သည် လူငယ်များအတွက် ဘေးကင်းလုံခြုံ၍ ထောက်ကူပေးသည့် ပတ်ဝန်းကျင်တစ်ခုထူထောင်ပေးရန်နှင့် ထိရောက်သော လူငယ်အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန်အတွက်ကွင်းဆင်းညှိနှိုင်းဆောင်ရွက်မှုများကို အရှိန်မြှင့်ဆောင်ရွက်ပေးပါသည်။ ထိုအထူးလုပ်ငန်းအဖွဲ့သည် လူငယ်အတွက်နှင့် လူငယ်အတွက်သီးသန့်မဟုတ်သော အစီအစဉ် နှစ်မျိုးစလုံးကို အစီအစဉ်ရေးဆွဲခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် လူငယ်များပါဝင်ဆောင်ရွက်ခြင်းကိုလည်း အားပေးမြှင့်တင်ပေးပါသည်။

အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လူငယ်များ ပါဝင်ဆောင်ရွက်ခြင်းဟူသည့် အရေးပါသော အစိတ်အပိုင်းအား မကြာခဏ လျှစ်လျူရှုထားတတ်ကြရာ လူငယ်များအတွက် ဦးတည်ဆောင်ရွက်သော အစီအစဉ်များ တွင်ပင်ထိုအတိုင်းဖြစ်နေပါသည်။ ကျွမ်းအဝှမ်း ရွှေ့ပြောင်းနေထိုင်ကြရသည့် အခြေအနေများတွင် အရေးပေါ်တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးတို့၌ လူငယ်များသည် အရေးပါသော ဆောင်ရွက်သူများနှင့် အပြောင်းအလဲများကိုအဓိကဖော်ဆောင်နိုင်သူများဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်ရှေ့ဆောင်ရှေ့ရွက်ပြု၍သော်လည်းကောင်း၊ ပြင်ပလုပ်ဆောင်သူများ၏ အကူအညီဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်ကြပါသည်။ အရေးပေါ်အခြေအနေတစ်ခုအတွင်းတွင် လူငယ်များသည် ရပ်ရွာလူထုမှပိုင်ဆိုင်သည့်အများဆုံးနှင့်အဖိုးတန်ဆုံးအရင်းအမြစ်များဖြစ်နိုင်သဖြင့်စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည်လူငယ်များ၏ စွမ်းဆောင်ရည်အရည်အသွေးများကို မည်ကဲ့သို့အကျိုးရှိစွာ အသုံးချမည်ဆိုသည်နှင့် လူငယ်တို့၏ ရှေ့ဆောင်ရှေ့ရွက်ပြု ဆောင်ရွက်မှုများကိုမည်ကဲ့သို့ ထောက်ပံ့ကူညီမည်ဆိုသည်တို့ကို ထည့်သွင်းစဉ်းစားရပါမည်။

ရှေးဦး ကလေးသူငယ် ဖွံ့ဖြိုးရေး

ကလေးငယ်များအတွက်သင့်တော်ဆီလျော်၍ လုံလောက်သော သင်ယူမှုနှင့် ဖွံ့ဖြိုးမှုအခွင့်အလမ်းများ ရရှိအောင် လုပ်ဆောင်ပေးခြင်းသည် ၎င်းတို့၏အနာဂတ်ပညာရေးနှင့် ကောင်းကျိုးသုခများအတွက် အလွန်အရေးပါလှပါသည်။ အကျိုး ကျေးဇူးများစွာ ရှိသည့်အနက် ရှေးဦး ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေး အစီအစဉ်များသည် ကလေးငယ်များအား အောက်ပါတို့ အတွက် ကူညီပေးနိုင်ပါသည်။

- ➔ ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရ၊ ရေကောင်းရေသန့်၊ ပတ်သန်းကျင်သန့်ရှင်းရေးနှင့် စိတ်ပိုင်းနှင့်လူမှုရေးပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုတို့ကဲ့သို့သော အရေးပါသည့် ကဏ္ဍပေါင်းစုံ ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်ခြင်း
- ➔ ဘေးကင်းလုံခြုံ၍ ကာကွယ်စောင့်ရှောက်မှုပေးထားသော ပတ်ဝန်းကျင်တွင် သင်ယူနိုင်ခြင်းနှင့် ကစားနိုင်ခြင်း
- ➔ လူမှုရေးကျွမ်းကျင်မှုများ အပါအဝင် ကျွမ်းကျင်မှုအသစ်များကို တတ်မြောက်ဖွံ့ဖြိုးနိုင်ခြင်း
- ➔ ကျောင်းသင်ပညာရေးအတွက် ပြင်ဆင်ပေးခြင်းအပြင်၎င်းတို့၏ ပညာရေးစွမ်းဆောင်ရည်နှင့် မှတ်ဉာဏ်ထိန်းသိမ်းနိုင်မှုတို့ကို မြှင့်တင်ပေးခြင်း

ကလေးငယ်များအနေနှင့်လေ့လာသင်ယူမှုမှာတစ်ချိန်လုံးဖြစ်ပေါ်နေသဖြင့်နေအိမ်နှင့် ရပ်ရွာ နှစ်နေရာစလုံးတွင် သွားလာ လှုပ်ရှားမှုနှင့် ကစားခြင်းတို့အတွက် ဆန်းသစ်တီထွင်သော သင်ယူရာနေရာများထားရှိပေးခြင်းဖြင့် အမြင့်မားဆုံး သင်ယူနိုင်အောင် ဆောင်ရွက်ပေးသင့်ပါသည်။ စခန်းတစ်ခုအတွင်း ပြေးလွှားဆော့ကစားခြင်းမှတစ်ဆင့်ရှေးဦးလေ့လာသင်ယူမှုများ ပြုလုပ်နိုင် သည့်ကလေးသူငယ်ဖွံ့ဖြိုးရေးဌာနများအား ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရကျွေးမွေးခြင်းများ၊ ရေကောင်းရေသန့်ရရှိမှု နှင့် အိမ်သာကဲ့သို့သော အဓိကဝန်ဆောင်မှုများနှင့် ပေါင်းစည်းပေးပြီး ကလေးများ ဘေးကင်းလုံခြုံရေးလုပ်ဆောင်ချက်များကို ချမှတ်ဆောင်ရွက်နိုင်ပါသည်။ ဘေးကင်းလုံခြုံသော သင်ယူရာနေရာဌာနများသည် ကလေးငယ်များအတွက်လေ့လာသင်ယူရန်နှင့် အခြားကလေးများ၊ ပြုစုစောင့်ရှောက်သူများနှင့်ပြောဆိုဆက်ဆံရန် အခွင့်အရေးများပေးသည့်ပြင် ကလေးငယ်များအား ပုံမှန်လည် ပတ်လှုပ်ရှားနေရသည်ဟူသောခံစားသိမြင်စိတ်ကို ရရှိစေပြီး ဘေးအန္တရာယ်များမှလည်း ကာကွယ်စောင့်ရှောက်ပေးနိုင်ပါသည်။ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းသည် မိန်းကလေးများအား ကျောင်အပ်နှံပေးခြင်းနှင့် ကျောင်းတက်နိုင်ခြင်းများအတွ က်လည်း အထောက်အကူဖြစ်ပါသည်။ ကျောင်းဝင်းအတွင်း သို့မဟုတ် အနီးအနားတွင် နေ့ကလေးထိန်းဌာန ဖွင့်လှစ်ပေးခြင်းဖြင့် အထူးသဖြင့် ဆယ်ကျော်သက် မိန်းကလေးများအတွက်မောင်ငယ်ညီမငယ်များကို ထိန်းပေးနေရန် မလိုတော့သည့်အတွက် ပညာသင်ကြားနိုင်သည့် အခွင့်အရေးကို ရရှိစေပါသည်။

စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးအမြင်ဖြင့် ကလေးငယ်များ၏ လိုအပ်ချက်များကို ပညာရေးအပါအဝင် ကဏ္ဍမျိုးစုံမှ ပေါင်းစည်းပါဝင်ဖြည့်ဆည်းပေးမှုအားကလေးငယ်များ၏ ဘဝအစနှင့် ရွှေ့ပြောင်းနေထိုင်မှု၏ ကနဦးအချိန်မှ စတင်ဆောင်ရွက်သွားရပါမည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းနှင့်လူမှုရေးဆိုင်ရာကာကွယ်စောင့်ရှောက်မှုများအတွက် ကလေးပျော်နေရာဌာနများကိုဖွင့်လှစ်ပေးလေ့ရှိပါသည်။ ထို့ကြောင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ပညာရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်သူများကြား ညှိနှိုင်းဆောင်ရွက်ရန် အားပေးတိုက်တွန်းရပါမည်။

ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ရင်ခွင်ပိုက်ကလေးရွက်ထည်တဲများ

၂၀၁၀ ဟေတီမြေငလျင်နောက်ပိုင်းတွင်အေဂျင်စီအများအပြားသည် ငလျင်ဒဏ်ခံဒေသများနှင့်စခန်းများတွင် ရင်ခွင်ပိုက်ကလေး ရွက်ထည်တဲများကို ထူထောင်ပေးခဲ့ပါသည်။ ဒေသခံကူညီပံ့ပိုးပေးသူများအား ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးမြှင့်တင်ခြင်း၊ မိခင်နို့တိုက်ကျွေးခြင်းနှင့် ကောင်းမွန်သောအာဟာရကျွေးမွေးခြင်းတို့ကို လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။ ၄င်းတို့က ယူနီဆက်၏ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ပစ္စည်းပုံများနှင့် ဖြည့်တင်းထားသည့် လေဝင် လေထွက်ကောင်းသော ရွက်ထည်တဲများအတွင်း ဘေးကင်းလုံခြုံ၍သန့်ရှင်းသောနေရာတွင် အာဟာရ ကျွေးမွေးမှု အစီအစဉ်၌ ပါဝင်ကြသည့် မိခင်များနှင့် နို့စို့ကလေးများအတွက်ကောင်းမွန်သောအာဟာရနှင့် နို့စို့ကလေး ပြုစုစောင့်ရှောက်ခြင်းအကြောင်းတို့ကို အတူတကွ ကစားရင်း သင်ယူနိုင်ရန် ကူညီကြပါသည်။

အရွယ်ရောက်ပြီးသူများအတွက် ပညာရေး

များသောအားဖြင့် စခန်းအခြေအနေများတွင် နေထိုင်နေကြသည့် အရွယ်ရောက်ပြီးသူများ၏တစ်စိတ်တစ်ပိုင်းသည် စာမတတ်ကြပါ။ ရွှေ့ပြောင်းနေထိုင်မှု မဖြစ်ပေါ်မီ ကြာမြင့်စွာသော အချိန်ကာလကတည်းက အမျိုးသမီးများသည် ပညာရေးနှင့် ကင်းကွာနေနိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကလေးငယ်နှင့် အရွယ်ရောက်ပြီးသူလူကြီးများ၏ လေ့လာသင်ယူမှုအတွက် ကွဲပြားခြားနားသော ချဉ်းကပ်ပုံနည်းလမ်းများလိုအပ်သည်ကိုသိရှိထားရပါမည်။ အရွယ်ရောက်သူများအတွက် သင်ကြားရေးအစီအစဉ်များသည်ထိုဘာသာရပ်ကို အထူးပြုသော လူသားချင်းစာနာထောက်ထားမှုအေဂျင်စီများ သို့မဟုတ် အစိုးရဌာနများမှသာ အကောင်းဆုံး လုပ်ဆောင်ပေးနိုင်သော သီးခြားနည်းစနစ်များနှင့် ကျွမ်းကျင်မှုများ လိုအပ်ပါသည်။ အရွယ်ရောက်ပြီးသူများအတွက် အခြေခံအရေးအဖတ်နှင့်အတွက်အချက် သင်တန်းများ ကျင်းပပေးမည်ဆိုလျှင် အောက်ပါအကြောင်းအရာများကိုလည်း ထည့်သွင်းသင်ကြားပေးရန် အကြံပြုထားပါသည်။

- ➔ လူအခွင့်အရေး
- ➔ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
- ➔ ကျားမလူမှုကဏ္ဍဆိုင်ရာ နားလည်သိရှိမှုများ
- ➔ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း
- ➔ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိရှိမှု
- ➔ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး

အရေးအဖတ်နှင့်အတွက်အချက်ဆိုင်ရာ စာအုပ်စာတမ်းများကို ဘာသာစကား အများအပြားဖြင့် နိုင်ငံအများအပြားတွင် ရရှိနိုင်ပြီးလိုအပ်သလို မှာကြားနိုင်ပါသည်။ အမျိုးသမီးများ၏ နေ့စဉ်အလုပ်များနှင့် ကိုက်ညီမည့် သင်ကြားချိန်ကိုသတ်မှတ်ပေးနိုင်ရန် အထူးတလည် ထည့်သွင်းစဉ်းစားရပါမည်။ ကူညီ၍ ကလေးထိန်းပေးသည့် အစီအစဉ်များ ထည့်သွင်းပေးခြင်းဖြင့်အမျိုးသမီးများ၏ပါဝင်တက်ရောက်မှုကို အထောက်အကူပြုနိုင်ပါသည်။

ဆရာများ နှင့် အခြား ပညာရေးဝန်ထမ်းများ

သတ်မှတ်ရွေးချယ်ခြင်းနှင့် ခံစားခွင့်များပေးခြင်း

ယေဘုယျအားဖြင့် စခန်းတွင်းရှိဆရာများနှင့် ကျောင်းအုပ်ချုပ်ရေးအရာရှိများ သို့မဟုတ်အသက်မွေးမှု အတတ်ပညာ သင်တန်းဆရာများကဲ့သို့သော အခြားပညာရေးဝန်ထမ်းများအား ရွှေ့ပြောင်းနေထိုင်ရသူများထဲမှ ရွေးချယ်ခန့်ထားသင့်ပါသည်။ တတ်နိုင်သရွေ့ကျောင်းသားများ၏မူရင်းစကားကိုပြောသော ဆရာများကို ခန့်ထားရပါမည်။ မိန်းကလေးများ ကျောင်းနေခြင်းနှင့် ကျောင်းနေမြဲခြင်းကို အားပေးမြှင့်တင်ရန်အတွက်စံနမူနာယူထိုက်သူများ ရှိနေစေရန် ဆရာမများကို ခေါ်ယူခန့်ထားနိုင်ရေး အထူးကြိုးပမ်းဆောင်ရွက်ရပါမည်။

ဖြစ်နိုင်ပါက စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် စခန်းလူထုအားမှတ်ပုံတင်စာရင်းသွင်းချိန်တွင်အရည်အချင်းပြည့်စုံသော ဆရာများကိုသတ်မှတ်ဖော်ထုတ်ထားရန် ထည့်သွင်းစဉ်းစားသင့်ပါသည်။ထိုဆရာများ ၏ အတွေ့အကြုံ၊ ပညာအရည်အချင်း၊ ပြောဆိုသော ဘာသာစကားတို့ကိုကျားမ ခွဲခြား၍ မှတ်သားထားရပါမည်။ တရားဝင်ကြေညာချက်များနှင့် အလုပ်ခေါ်သည့်ကြော်ငြာ

များမှတစ်ဆင့်သတ်မှတ်ရွေးချယ်ခြင်း သို့မဟုတ် လေ့လာဆန်းစစ်ခြင်းတို့ကို ထပ်မံဆောင်ရွက်နိုင်ပါသည်။ ဆရာများအား ရွေးချယ်ခန့်ထားမှုသည် ခွဲခြားဆက်ဆံမှုကင်းစွာဖြင့် လူထုကို ပါဝင်ဆောင်ရွက်စေလျက် ပွင့်လင်းမြင်သာလည်း ရှိရပါမည်။ အရေးပေါ်အခြေအနေတစ်ရပ်၏ ပထမအဆင့်တွင် များသောအားဖြင့် မဖြစ်နိုင်သော်လည်း အလုပ်လျှောက်သောဆရာများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ကို ဒီပလိုမာများနှင့် အထောက်အထားလက်မှတ်များ ရှိနေသည့်တိုင် စာသင်ခန်းတွင်း သင်ကြားပုံကို စောင့်ကြည့် လေ့လာခြင်းနှင့် အလုပ် စတင်မဝင်ရောက်မီ ခဏတာတွေ့ဆုံမေးမြန်းခြင်းတို့ဖြင့် လေ့လာဆန်းစစ်ရန် အကြံပြုထားပါသည်။

သင်ကြားရေးအလုပ်ကို ပိုမိုစိတ်ပါဝင်စားလာအောင်ဆွဲဆောင်ပါ

ရွှေ့ပြောင်းနေထိုင်ရသော ရပ်ရွာလူထုအတွင်း ဆရာများသည်များသောအားဖြင့် ပညာအတတ်ဆုံးသူများဖြစ်ကြသဖြင့် အခြားသူများက ၎င်းတို့ကိုလေးစား၍ လိုက်နာကြပါသည်။ ထို့ကြောင့်စခန်းအတွင်း အလုပ်လုပ်နေကြသော လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများသည် ထိုသူများအား အခြားကဏ္ဍများ သို့မဟုတ် စီမံအုပ်ချုပ်ရေးတို့တွင် အလုပ်ခန့်ထားလိုကြပါသည်။ သင်ကြားရေးကို ပိုမို လုပ်ကိုင်ချင်လာအောင် ဆွဲဆောင်ရန်အတွက် ကျောင်းဆရာများကို ပုံမှန်လစာများ မပေးနိုင်သည့်နေရာများတွင် အနည်းဆုံးမက်လုံးအချို့ သို့မဟုတ် လူသုံးပစ္စည်းများ ပေးရပါမည်။ သို့မဟုတ်ပါက ဆရာအမြောက်အများသည် အခြားအလုပ်များကို သွားလုပ်ရန်အတွက် စခန်းတွင်းရှိ ကျောင်းကို စွန့်ခွာသွားနိုင်ပြီးကျောင်း၏အရည်အသွေးနှင့် လုပ်ငန်းလည်ပတ်မှုအပေါ် ကြီးမားသော သက်ရောက်မှုများရှိလာနိုင်ပါသည်။

အရည်အချင်းရှိဆရာများ မရရှိနိုင်ပါကစခန်းတွင်းနေထိုင်သူများထဲမှ အခြေခံပညာရေးအမြင့်ဆုံးအဆင့်ရှိသူများကို သတ်မှတ်ဖော်ထုတ်ကာ ဆရာအဖြစ် လုပ်ကိုင်နိုင်ရန် လေ့ကျင့်သင်တန်းပေးသင့်ပါသည်။ ပညာရေးဝန်ဆောင်မှုပေးသူများနှင့်ဒေသခံပညာရေးအာဏာပိုင်များသည် စခန်းပြင်ပမှ ဆရာများကို စခန်းတွင်းပညာရေးစနစ်အတွင်းသို့ ပေါင်းစည်းပေးနိုင်ခြင်း ရှိ၊ မရှိကို လေ့လာသုံးသပ်ကြရပါမည်။

စခန်းတွင်းမှ လက်တွေ့ဖြစ်ရပ်များ -ဆန်းသစ်တီထွင်မှုရှိသော အလုပ်ခန့်အပ်မှု နည်းဗျူဟာများ

မိန်းကလေးများကို ဆရာမများကသာ သင်ကြားခွင့်ပြုသော အခြေအနေရှိသည့် ပါကစ္စတန်နိုင်ငံတွင် ယူနီဆက်အဖွဲ့သည် ရွှေ့ပြောင်းနေထိုင်ရသူများအတွက် စာသင်ကျောင်းတွင် သင်ကြားပေးရန် ဆရာမများကို အမျိုးသား များထက်လစာပိုပေး၍ ဆွဲဆောင်ခန့်ထားပါသည်။ အမျိုးသမီးများအနေဖြင့်၎င်းတို့၏နေအိမ်နှင့်ရပ်ရွာပြင်ပတွင် အလုပ်ထွက်လုပ်ခြင်းကို သင့်လျော်သည်ဟု ရှုမြင်ယူဆစေရန်အတွက် ထိုဆရာမများ၏ အမျိုးသား ဆွေမျိုးသားချင်းများကိုလည်း ကျောင်း၏ အခြားအလုပ်နေရာများတွင် ခန့်ထားပေးခဲ့ပါသည်။ ဤအပြုသဘောဆောင်သော ခွဲခြားဆက်ဆံ သည့်နည်းဗျူဟာသည်အခြေအနေအရ ကျင့်သုံးရခြင်းဖြစ်သဖြင့် အားလုံးအတွက် လွှမ်းခြုံသော မူဝါဒအဖြစ် မကျင့်သုံးရပါ။

ဖြစ်နိုင်ပါက ဆရာများအားလုံးတို့၏ လုပ်အားအတွက် လုပ်ခလစာ သို့မဟုတ် တစ်စုံတစ်ရာ ခံစားခွင့်ကို ပေးရပါမည်။ ထိုဆရာများ၏ ပါဝင်ကူညီမှုသည် ရွှေ့ပြောင်းနေထိုင်ရသော ရပ်ရွာလူထု၏ ကလေးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် မရှိမဖြစ်လိုအပ်သည့်အပြင် ၎င်းတို့အား အခြားလစာကောင်းသော အလုပ်များက ဆွဲဆောင်ခေါ်ယူသွားခြင်း မရှိစေရန်လည်း ကြိုးပမ်းအားထုတ်ရပါမည်။ ဆရာများကို အစိုးရက ဆက်လက် လစာပေးသွားနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ အထူးသဖြင့်ဗဟိုချုပ်ကိုင်မှုလျော့ချထားသော စနစ်များတွင် ဆရာများသည်ပြည်နယ်သို့မဟုတ် အုပ်ချုပ်ရေး စီရင်စုများကိုဖြတ်ကျော်လာသည့်အခါဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် လိုပေမည်။ ဆရာများကို မည်သို့၊ မည်သည့်အချိန်နှင့် မည်မျှခံစားခွင့်လစာများ ပေးမည်ဆိုသည်ကို ဆုံးဖြတ်ရန်မှာ ကဏ္ဍပေါင်းစုံ ညှိနှိုင်းကာ သဘောတူညီမှုရယူရန် လိုအပ်သည့် ကိစ္စရပ်တစ်ခုဖြစ်ပါသည်။ ရွှေ့ပြောင်းနေထိုင်ရသော ဆရာများကို စခန်း သို့မဟုတ် အနီးအနားကျောင်းများမှ ဆရာတစ်ယောက်အနေဖြင့် တရားဝင် အသိအမှတ်ပြုခံရရေးအတွက်ဆရာများ၏ လစာနှင့် ခံစားခွင့်ကိစ္စများအား ပညာရေးဆိုင်ရာ နိုင်ငံအာဏာပိုင်များ၊ပညာရေးအစုအဖွဲ့တို့နှင့် ဆွေးနွေးဆောင်ရွက်ခြင်းမှာအဓိကအရေးပါသည့် ကိစ္စ ဖြစ်ပါသည်။

လစာပေးခြင်းကို စောင့်ကြည့်ကြီးကြပ်ခြင်း

စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် ဆရာများအားလစာများပေးခြင်းနှင့်ဆက်စပ်၍ အဂတိလိုက်စားမှုများ ဖြစ်ပေါ် လာနိုင်သည့် အလားအလာကို သိရှိထားရပါမည်။ပညာရေးဝန်ဆောင်မှုပေးသူများသည်စခန်းတွင်းရှိ ကျောင်း၏ လစာထုတ်ပေးရမည့်သူများစာရင်းတွင် "အမည်သာပါ၍ အမှန်တကယ်မရှိသော" ဆရာများ သို့မဟုတ် တရားဝင်ခန့်အပ်ထားခြင်း မဟုတ်သူများ သို့မဟုတ် မလျော်ကန်သောသူများ ပါရှိမနေကြောင်း သေချာစေရန်အတွက် ပုံမှန် စောင့်ကြည့်လေ့လာခြင်းနှင့် စစ်ဆေးခြင်းများကို လုပ်ဆောင်နေရပါမည်။

ဆရာများအား အခြားအလုပ်မှ ဆွဲဆောင်ခေါ်ယူသွားခြင်း မခံရစေရန်အတွက် ဆရာအသစ်များ၊ စေတနာ့ဝန်ထမ်းဆရာများကို မက်လုံးပေးခြင်းသည်စခန်း၏ အခြားလုပ်ငန်းအစီအစဉ်များနှင့် အကြမ်းဖျင်းအားဖြင့် ကိုက်ညီမှု ရှိရပါမည်။ လစာပေးရန်လတ်တလော မဖြစ်နိုင်သေးပါက လိုလားနိုင်သော အရာတစ်ခုခု သို့မဟုတ် စားနပ်ရိက္ခာ၊ လူသုံးပစ္စည်းများ ပံ့ပိုးပေးသည့် ပုံမှန်သင်တန်းအစီအစဉ်တစ်ခုကိုလည်း အကောင်အထည် ဖော်ပေးနိုင်ပါသည်။ ရပ်ရွာလူထုများကိုလည်း ဆရာများ၏ လစာအစား ငွေကြေးမဟုတ်သော အကူအညီများ၊ ဥပမာ ဆရာများ၏ ဥယျာဉ်အတွင်းသီးပင်စားပင်များစိုက်ပျိုးရန်လုပ်အားပေးခြင်းကဲ့သို့ပါဝင်ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရန် တိုက်တွန်းအားပေးနိုင်ပြီး များသောအားဖြင့် လူထုကလည်း ထိုသို့ လုပ်ဆောင်ပေးလိုစိတ် ရှိနေကြသည်ကို တွေ့ရတတ်ပါသည်။

ဆရာများအတွက် သင်တန်းနှင့် ထောက်ပံ့ကူညီမှု

စခန်းအခြေအနေအများအပြားတွင် အရည်အချင်းပြည့် ဆရာများကို အလုံအလောက်သတ်မှတ်ဖော်ထုတ်နိုင်ရန် ခက်ခဲသောကြောင့် တရားဝင်အရည်အချင်းသတ်မှတ်ချက်များ မရှိသော်လည်း လက်တွေ့လုပ်နိုင်စွမ်းရှိသော စေတနာ့ဝန်ထမ်း ဆရာများကိုခန့်အပ်ရန် လိုအပ်လာနိုင်ပါသည်။ ဆရာများအဖြစ် လေ့ကျင့်သင်ကြားမှု ရရှိမထားသူများအားအနီးကပ်လမ်းညွှန်ပြ သခြင်း သို့မဟုတ် ဘေးမှနည်းပေးလမ်းပြခြင်း ကဲ့သို့သော ထောက်ပံ့ကူညီမှုများက ဆရာဖြစ်သင်တန်းများကို စနစ်တကျကျင်းပ မပေးနိုင်မီ များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ အရည်အချင်းပြည့်မီကြောင်း တရားဝင်သတ်မှတ်ခံထားရသော ဆရာများပင်လျှင် အောက်ပါ စွမ်းဆောင်ရည်နှင့် အသိပညာများကို မြှင့်တင်ပေးခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

- အပြန်အလှန် ဆွေးနွေးမှုနှင့် သင်ယူသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်မှုများကို အားပေးသော သင်ယူသူဗဟိုပြုသင်ကြားခြင်း၏ ခေတ်အမီဆုံးလေ့လာသင်ယူမှုနည်းနာများ
- အရွယ်စုံပြီး အရွယ်အစားကြီးမားသော စာသင်တန်းများကို စီမံသင်ကြားရေးနှင့် အကြမ်းမဖက်သော စာသင်ခန်း စီမံခန့်ခွဲရေး နည်းစနစ်များ
- သင်ရိုးများ ပေါင်းကူးသင်ကြားခြင်း သို့မဟုတ် အရှိန်မြှင့် သင်ယူခြင်း အစီအစဉ်များ
- လိင်ပိုင်းဆိုင်ရာနှင့် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေပြုသော အကြမ်းဖက်ခြင်း အပါအဝင် ကလေးသူငယ် အခွင့်အရေးများနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မူဝါဒများ
- ကစားခြင်းနှင့် အပန်းဖြေခြင်းတို့၏ အရေးပါမှု အပါအဝင် စိတ်ပိုင်းနှင့်လူမှုရေးဆိုင်ရာထောက်ပံ့ကူညီမှုဆိုင်ရာ အခြေခံ သဘောတရားများနှင့် နည်းဗျူဟာများ၊ ကြိုတင်တွက်ဆနိုင်သော ဖွဲ့စည်းတည်ဆောက် မှုဖြင့် အသုံးပြု သင်ကြား ခြင်း၊ကလေးများ နှစ်သက်ပျော်ရွှင်သောသင်ကြားမှုနည်းစနစ်များကိုအသုံးပြုခြင်း၊ ဘဝတွက်တာ သိမှတ်စရာများနှင့် ကြီးမား သည့် စိတ်ဖိစီးပင်ပန်းမှုကို ခံစားနေရသော ကလေးများအားမည်ကဲ့သို့မည်သည့်နေရာသို့ ညွှန်းပို့ရမည်ဆိုသည့်သတင်းအချက် အလက်များကိုသင်ကြားခြင်း
- မြေမြှုပ်မိုင်း အန္တရာယ်သိရှိမှု၊ အိပ်ရ်အိုင်ဗီ/အေအိုင်ဒီအက်စ် ကာကွယ်တားဆီးရေး၊ တကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ခြင်း၊ ကပ်ဘေးအန္တရာယ် သတိရှိမှု၊ အန္တရာယ်ဖြစ်နိုင်ခြေလျှော့ချခြင်း၊ ကပ်ဘေးများအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကျန်းမာရေးနှင့် အာဟာရအသိပညာတို့ကဲ့သို့သော ဘဝတွက်တာသိမှတ်စရာ အဓိက သတင်းစကားများ
- ပဋိပက္ခဖြေရှင်းပုံနည်းလမ်းများ
- ပုံမှန်သင်ရိုးညွှန်းတမ်းဆိုင်ရာ မွမ်းမံသင်တန်းများ

ဆရာများတက်ရောက်သော သင်တန်းများအတွက် သင့်တော်သော လက်မှတ်နှင့် အထောက်အထားများ ရရှိရေးအတွက်စခန်းစီမံခန့်ရေးအေဂျင်စီသည် နိုင်ငံအာဏာပိုင်များ၊အထူးပြုအေဂျင်စီများနှင့်အတူ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရပါမည်။ ကာလရှည်ကြာ ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေများတွင် ပညာရေးလုပ်ဆောင်သူများသည် နိုင်ငံအာဏာပိုင်များနှင့် ပူးပေါင်းကာ အမျိုးသားပညာရေးစနစ်၏ ဆရာဖြစ်သင်တန်းလုပ်ငန်းစဉ်များကိုပိုမိုအားကောင်းလာစေရန် ကူညီပံ့ပိုးပြီး ထိုလုပ်ငန်းစဉ်များကို အသုံးချ၍ ဒုက္ခသည် သို့မဟုတ် IDP ဆရာများအား အိမ်ရှင်အစိုးရစနစ်အတွင်း အသိအမှတ်ပြုခြင်း ခံရစေရန်လုပ်ဆောင်ပေးနိုင်ပါသည်။

လေ့ကျင့်သင်တန်းရထားပြီးအတွေ့အကြုံရှိသော ဆရာများနှင့် အခြားပညာရေးဝန်ထမ်းများကိုယ်တိုင်သည်လည်း အရေးပေါ်အခြေအနေကြောင့် စိတ်ထိခိုက်ခံစားနေရနိုင်ပါသည်။ ၎င်းတို့သည် စိန်ခေါ်မှုအသစ်များနှင့်တာဝန်အသစ်များကို ရင်ဆိုင်ကြရပြီး စိတ်ပင်ပန်းဖိစီးနေနိုင်ပါသည်။ ထိုဆရာများသည် ကျောင်းသားများအတွက် ၀န်ဆောင်မှုပေးနိုင်ရန်မှာ ၎င်းတို့၏ ဘ၀သာယာပျော်ရွှင်ရေးအတွက် ၎င်းတို့ကိုယ်တိုင် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းနှင့် ၎င်းတို့အတွက် ရရှိနိုင်သော ပံ့ပိုးကူညီမှုများပေါ်တွင် မူတည်နေပါသည်။ စခန်းစီမံခန့်ခွဲရေးအေဂျင်စီသည် ပညာရေးဝန်ဆောင်မှုပေးသူများမှတစ်ဆင့် ဆရာအချင်းချင်းထောက်ပံ့ကူညီပေးသည့် ပုံမှန်ဝန်ထမ်းအစည်းအဝေးများနှင့် အနီးကပ်စောင့်ကြည့်လေ့လာခြင်းနှင့် လမ်းညွှန်ပြသခြင်းစနစ်များကဲ့သို့ ဆရာအထောက်အကူပြုအဖွဲ့အစည်းများ ထူထောင်မှုအားကူညီပံ့ပိုးပေးနိုင်ပါသည်။

ကျင့်ဝတ်စည်းမျဉ်းများ

စခန်းများသည် များသောအားဖြင့် ဆရာများနှင့် အခြားကျောင်းဝန်ထမ်းများအပါအဝင်၊ရွှေ့ပြောင်းနေထိုင်ရသူများအတွက် ဖိစီးမှုများသော ပတ်ဝန်းကျင်များဖြစ်ပါသည်။ မလျော်ကန်သော အပြုအမူများနှင့် အာဏာအလွဲသုံးစားပြုခြင်းတို့ မကြာခဏ ပေါ်ပေါက်နိုင်ပါသည်။ အခြားသော စခန်းတွင်းရှိလခစားနှင့် လုပ်အားပေးဝန်ထမ်းများကဲ့သို့ ပညာရေးတွင် ပါဝင်လုပ်ဆောင်နေသော ဝန်ထမ်းအားလုံးအတွက် ကျောင်းအုပ်များ၊ ဆရာများ၊ စာသင်ခန်းလက်ထောက်များ၊ အခြားအထောက်အကူဝန်ထမ်းများ၊ အုပ်ချုပ်သူများ သို့မဟုတ် ကြီးကြပ်သူများ မည်သူအတွက်မဆို ကျင့်ဝတ်စည်းမျဉ်းများကိုသတ်မှတ်ပြဋ္ဌာန်းပေးရပါမည်။ ကျင့်ဝတ်စည်းမျဉ်းအားမလိုက်နာလျှင် မဖြစ်မနေအရေးယူဆောင်ရွက်ခြင်းခံရမည့်နောက်ဆက်တွဲ အကျိုးဆက်များကို သတ်မှတ်ပေးထားရပါမည်။

INEE အနိမ့်ဆုံးစံများတွင် ဖော်ပြထားသည့်အတိုင်း ကျင့်ဝတ်စည်းမျဉ်းတစ်ရပ်သည် ဆရာများနှင့် အခြားပညာရေးဝန်ထမ်းများအတွက် ရှင်းလင်းသော အပြုအမူဆိုင်ရာ စံနှုန်းများနှင့် စံနှုန်းများမလိုက်နာပါကရှိလာမည့် ရှင်းလင်းသော အကျိုးဆက်များအားသတ်မှတ်ပြဋ္ဌာန်းပေးရပါမည်။ ၎င်းကျင့်ဝတ်တွင် ဆရာများနှင့် အခြားပညာရေးဝန်ထမ်းများသည် အောက်ပါတို့အတွက် ကတိကဝတ်ပြုမှုများ ပါဝင်ရပါမည်။

- ➔ ကျောင်းသားများ၏ ပညာရေးရပိုင်ခွင့်များကို လေးစားလိုက်နာ ကာကွယ်စောင့်ရှောက်၍ တတ်နိုင်သမျှ ဖြည့်ဆည်းပေးရန်
- ➔ မြင့်မားသော ပြုမူနေထိုင်မှုစံနှုန်းများနှင့် လူ့ကျင့်ဝတ်သိက္ခာတို့ကို ထိန်းသိမ်းရန်
- ➔ ကျောင်းသားများအားလုံးကိုခွဲခြားဆက်ဆံမှုကင်းစွာ လက်ခံသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ရန်အတွက်ပညာရေး၏ အတားအဆီးများကို တက်ကြွစွာ ဖယ်ရှားပေးရန်
- ➔ လိင်ပိုင်းဆိုင်ရာနှင့် အခြားသော ထိပါးစော်ကားမှုများ၊ လုပ်အား သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အခွင့်အရေး ရယူရန်အတွက် ကျောင်းသားများကို ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှိပ်စက်ညှင်းပန်းအကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့မှ ကင်းဝေးအောင်ကာကွယ်စောင့်ရှောက်ပေးထားသည့် ကောင်းမွန်၍ အားလုံးပါဝင်သော သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ထိန်းသိမ်းပေးရန်
- ➔ လူ့အခွင့်အရေးနှင့် ခွဲခြားဆက်ဆံမှုမပြုရမူဂါဒများနှင့် ကွဲလွဲဆန့်ကျင်သည့် အသိပညာ သို့မဟုတ် လုပ်ရပ်များကို သင်ကြားမပေးရန်သို့မဟုတ် အားပေးအားမြှောက်မပြုရန်
- ➔ ကျောင်းတက်မှန်ရန်နှင့် အချိန်မှန်ရန်

ကျင့်ဝတ်စည်းမျဉ်းကို ရွှေ့ပြောင်းနေထိုင်ကြသော ရပ်ရွာလူထု၊အထူးသဖြင့်ကျောင်းသားများနှင့် ဆရာများသာမက ပညာရေးဆိုင်ရာနိုင်ငံအာဏာပိုင်များနှင့်အတူ အနီးကပ်ပူးပေါင်းညှိနှိုင်း၍ ရေးဆွဲပြုစုရပါမည်။ အားလုံးသဘောတူညီ ချမှတ်ထားသော ကျင့်ဝတ်စည်းမျဉ်းကို သင်တန်းပေးကာ မိတ်ဆက်ပေးခြင်းဖြင့် ပါဝင်ပတ်သက်သူတိုင်းသည် သဘောတူညီထားသော

ရည်မှန်းချက်များ၊ စည်းမျဉ်းများနှင့် မလိုက်နာခြင်း၏ အကျိုးဆက်များကို ရှင်းလင်းစွာ နားလည်သဘောပေါက်နေအောင် ဆောင်ရွက်ရပါမည်။

စခန်းစီမံခန့်ခွဲမှု အေဂျင်စီအတွက် ဆန်းစစ်ရန် လုပ်ငန်းစာရင်း

ကြိုတင်ပြင်ဆင်မှု၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် လေ့လာဆန်းစစ်မှု

☐ သက်ဆိုင်ရာစခန်းစီမံခန့်ခွဲရေးအေဂျင်စီ ဝန်ထမ်းများအပါအဝင်ပညာရေး လုပ်ဆောင်သူများအားလုံးသည် INEE အနိမ့်ဆုံးစံနှုန်းများနှင့် အကျွမ်းတဝင်ရှိပြီး ပညာရေးဝန်ဆောင်မှုပေးသူများသည် ၎င်းတို့၏ အဆိုပြုလွှာများနှင့် ကြိုတင်ပြင်ဆင်မှု အစီအမံများတွင် ထိုစံနှုန်းများကို ရည်ညွှန်းကိုးကားကြခြင်း။

- ✔ အရေးပေါ်အခြေအနေများအတွက်ကြိုတင်အစီအစဉ်တွင် ပညာရေးကို ထည့်သွင်းရေးဆွဲကာ ရည်ညွှန်းကိုးကားခြင်း။
- ✔ ဒေသခံနှင့် ရွှေ့ပြောင်းနေထိုင်ရသော ရပ်ရွာလူထုနှစ်ခုစလုံးနှင့် သက်ဆိုင်သော ပညာရေးဆိုင်ရာအခြေခံ သတင်းအချက်အလက်များကို ပညာရေးအစုအဖွဲ့/ကဏ္ဍဦးဆောင် အေဂျင်စီ၊ နိုင်ငံအာဏာပိုင်များ သို့မဟုတ် အခြားပညာရေးလုပ်ဆောင်သူများထံမှ ရယူထားပြီးဖြစ်ခြင်း။
- ✔ ကြိုတင်ပြင်ဆင်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပညာရေးအဆောက်အအုံများကို စုစည်းနေထိုင်ရာနေရာများ အဖြစ် အသုံးပြုသုံးမည့်အလားအလာကို လျှော့ချရန် အခြားရွေးချယ်စရာနေရာများကို သတ်မှတ်ဖော်ထုတ်ထားခြင်း။
- ✔ ပညာရေးဝန်ဆောင်မှုပေးခြင်းကို ထောက်ပံ့ကူညီရန် စခန်းပညာရေးညှိနှိုင်းအုပ်စုတစ်ခုအား ရှင်းလင်းစွာ ဖေါ်ပြထားသော သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များဖြင့် ဖွဲ့စည်းထူထောင်ထားခြင်း။
- ✔ ပညာရေးအစုအဖွဲ့/ကဏ္ဍဦးဆောင်အေဂျင်စီကို ဆက်သွယ်၍ ပုံမှန်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြန်ကြားခြင်းနှင့် သတင်းအချက်အ လက်မျှဝေခြင်းတို့ပြုလုပ်နေခြင်း။
- ✔ ကနဦးဆောင်ရွက်သည့်ကဏ္ဍပေါင်းစုံအတွက် အလျှင်အမြန် လိုအပ်ချက် ဆန်းစစ်လေ့လာမှုတွင် ပညာရေးဆိုင်ရာ အချက်အလက်များကို ထည့်သွင်းကောက်ယူထားခြင်း။
- ✔ ရပ်ရွာလူထုများနှင့် နိုင်ငံအာဏာပိုင်များ၏ ကိုယ်စားလှယ်များသည် ပညာရေးဆိုင်ရာလိုအပ်ချက်များ ပူးပေါင်းလေ့လာဆန်းစစ်မှုတွင် ပါဝင်ဆောင်ရွက်ကြခြင်း။
- ✔ အညွှန်းကိန်းများကို အားလုံးသဘောတူညီမှုဖြင့် ချမှတ်ပြီး လက်လှမ်းမီမှု၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ဘေးကင်းလုံခြုံမှုနှင့် သင်ယူခြင်းရလဒ်များကို တိုင်းတာရန် အခြေခံအချက်အလက်များကို စုစည်းထားခြင်း။
- ✔ ပညာရေးအစီအစဉ်အား ပုံမှန်စောင့်ကြည့်လေ့လာနေပြီးသဘောတူညီထားသော အညွှန်းကိန်းများအလိုက် အချက်အလက် များကိုစုဆောင်းကောက်ယူခြင်း။
- ✔ ပညာရေးအစီအစဉ်သည် နိုင်ငံတကာနှင့် ဒေသအလိုက်သဘောတူညီထားသောစံနှုန်းများနှင့် မကိုက်ညီပါက အရေးယူဆောင်ရွက်ခြင်း။

ရပ်ရွာလူထုပါဝင်ဆောင်ရွက်မှု

- ✔ ရပ်ရွာပညာရေးကော်မတီ သို့မဟုတ် မိဘဆရာအသင်းကိုဖွဲ့စည်းထူထောင်ထားပြီး စခန်းစီမံခန့်ခွဲမှု အေဂျင်စီနှင့် ပညာရေး ဝန်ဆောင်မှုပေးသူများက အပြည့်အဝထောက်ပံ့ကူညီပေးခြင်း။
- ✔ ရွှေ့ပြောင်းနေထိုင်ရသော ရပ်ရွာလူထုသည် လေ့လာဆန်းစစ်ခြင်း၊ စီမံကိန်းရေးဆွဲပြုစုခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်စစ်ဆေးခြင်းတို့ အပါအဝင် ပညာရေးဝန်ဆောင်မှုပေးခြင်း၏ ကဏ္ဍအားလုံးတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင် နေခြင်း။
- ✔ ယောက်ျားလေးများနှင့် မိန်းကလေးများသာမက မသန်စွမ်းသူကလေးများနှင့် အခြားလိုအပ်ချက်ရှိနေကြသော ကလေးများကျောင်းတက်မှုနှင်းကို အားပေးရန်အတွက် ပညာရေးဆိုင်ရာသတင်းအချက်အလက်များကို ရပ်ရွာလူထုအား မျှဝေပေးခြင်း။
- ✔ ပညာရေးအတွက် အတားအဆီးများကို သတ်မှတ်ဖော်ထုတ်ရန် ကြိုးပမ်းအားထုတ်မှုများတွင် ရပ်ရွာလူထုနှင့် အထူးသဖြင့် ကျောင်းသားများကိုယ်တိုင် ပါဝင်ဆောင်ရွက်ပြီး ကျောင်းပြင်ပ ကလေးသူငယ်များနှင့် လူငယ်များကို ထောက်ပံ့ကူညီပေးခြင်း။

- ✔ မိန်းကလေးများနှင့် ယောကျ်ားလေးများအတွက် အတုယူရန် စံနမူနာပြုဂို့လ်များ ရှိစေရန်နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုသို့မဟုတ် မတော်မတရားပြုမှု အန္တရာယ်များ လျော့နည်းစေရန်အတွက် ယုံကြည်စိတ်ချရသော စေတနာ့ဝန်ထမ်းများကို သင့်လျော်သလိုစာသင်ခန်း လက်ထောက်များအဖြစ် ခန့်ထားပေးခြင်း။
- ✔ ကလေးသူငယ်များနှင့် လူငယ်များသည် မကြာခဏလူကြီးများသတိမထားမိသော အကြောင်းကိစ္စရပ်များကို ဖော်ထုတ်သတ်မှတ်ပေးနိုင်စွမ်းသို့မဟုတ် ပြဿနာများကို ဖြေရှင်းပေးနိုင်စွမ်း ရှိသဖြင့်ၜင်းတို့နှင့် ဆွေးနွေးတိုင်ပင်၍ နားထောင်ပေးခြင်း။

ပညာရေး လက်လှမ်းမီမှုနှင့် သင်ယူမှုပတ်ဝန်းကျင်

- ✔ ရှေ့ပြောင်းနေထိုင်ရသော ကလေးငယ်များနှင့် လူငယ်များအတွက်သက်ဆိုင်ရာ ပညာရေးအစီအစဉ်များကို အလျင်အမြန်အကောင်အထည်ဖော်ပေးခြင်း။ ထိုအစီအစဉ်များသည် ပညာရေးလိုအပ်ချက်များလေ့လာဆန်းစစ်ခြင်းများ၏ရလဒ်များပေါ်တွင် အခြေခံပြီး ရှေးဦး ကလေးသူငယ်ဖွံ့ဖြိုးရေး၊ မူလတန်း၊ မူလတန်းလွန်နှင့် ကျောင်းပြင်ပ ပညာရေးတို့ကို ထည့်သွင်းစဉ်းစားပေးထားခြင်း။
- ✔ ကျားမလူမှုကဏ္ဍ၊ မသန်စွမ်းမှုနှင့် အန္တရာယ်ကျရောက်လွယ်သော အုပ်စုများကို အထူးအလေးထားကာ ပညာရေးအတွက်အတားအဆီးများကို ဖော်ထုတ်သတ်မှတ်ခြင်းအား ပညာရေးဝန်ဆောင်မှုပေးသူ၊ သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များနှင့် ရပ်ရွာလူထုတို့ အတူတကွ ဆောင်ရွက်ကြခြင်း။
- ✔ ပညာရေးအစီအစဉ်များ၏ အရည်အသွေးနှင့် ထိရောက်မှုတို့ကို မကြာခဏ စောင့်ကြည့်လေ့လာပြီး ရှေ့ပြောင်းနေထိုင်ရသောကလေးများထဲမှကျောင်းနေရွယ်များကိုအသက်နှင့် ကျား၊မခွဲခြားကာၜင်းတို့အား ကျောင်းအပ်ခြင်း၊ ကျောင်းတက်ခြင်း၊ ကျောင်းနေမြဲခြင်း၊ သင်ယူခြင်း၊ ပတ်ဝန်းကျင်၊ ဆီလျော်မှု၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ကျောင်းထွက်နှုန်းများနှင့် ကျောင်းပြင်ပကလေးများနှင့် လူငယ်များအရေအတွက်စသည့် အချက်အလက်များကို ပုံမှန်ကောက်ယူစုဆောင်းနေခြင်း။
- ✔ အန္တရာယ်ဖြစ်နိုင်ခြေများကိုလေ့လာဆန်းစစ်မှုများ သေချာစွာ ပြုလုပ်ပြီးနောက် သင်ကြားရေး နေရာဌာနများ၏ တည်နေရာကို ကလေးများ၊ ရပ်ရွာလူထုများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ ရွေးချယ်ခြင်း။
- ✔ ယောကျ်ားလေးများ၊ မိန်းကလေးများနှင့် ဆရာများအတွက် သီးသန့်ခွဲထားသော အိမ်သာများ၊ လက်ဆေးရန်နေရာများနှင့် သောက်ရေသန့်တို့အတွက် သင်ကြားရေးနေရာအားလုံးတွင် ယာယီပင်ဖြစ်စေ တည်ဆောက် ထားရှိပေးခြင်း။
- ✔ သင်ကြားရေးနေရာဌာနများသည် ဘေးကင်းလုံခြုံ၍ ကျောင်းသားအားလုံးလက်လှမ်းမီစေရန်နှင့် ကျောင်းအသွားအပြန် ခရီးလမ်းကြောင်းကိုလက်လှမ်းမီ၍ဘေးကင်းလုံခြုံရေးတို့အတွက် အလေးထားဆောင်ရွက်ပေးခြင်း။သင်ကြားရေးနေရာဌာနများသည် အများသဘောတူညီထားသော ဒေသအလိုက်နှင့် နိုင်ငံတကာ စံနှုန်းများအား လိုက်နာသင့်သည်။

သင်ကြားခြင်းနှင့် သင်ယူခြင်း

- ✔ ပညာရေးသည်ကလေးများနှင့်လူငယ်များအတွက် အခြေအနေနှင့် ကိုက်ညီသော အသက်ကယ်ရေးနှင့် သက်ဆိုင်သည့် သတင်းစကားများကိုပေးခြင်း။ ဥပမာ -မြေမြှုပ်မိုင်းအန္တရာယ်သတိပြုရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်များ။
- ✔ ပညာရေးဖြင့် စိတ်ပိုင်းနှင့်လူမှုရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများ ပေးခြင်း။ ပညာရေးဝန်ဆောင်မှုပေးသူများနှင့် ဆရာများသည် ကစားခြင်းနှင့် အပန်းဖြေခြင်းတို့၏ အရေးပါမှု၊ ကြိုတင်တွက်ဆနိုင်သော ဖွဲ့စည်းတည်ဆောက်မှုပုံစံဖြင့် အသုံးပြုသင်ကြားခြင်း၊ကလေးများနှစ်သက်ဟော်ရှင်မည့်သင်ကြားနည်းများ အသုံးပြုခြင်း၊ ဘဝတွက်တာသိမှတ်စရာများ သင်ကြားခြင်းနှင့် အလွန်စိတ်ဖိစီး ပင်ပန်းနေသော ကလေးများကို မည်ကဲ့သို့နှင့် မည်သည့်နေရာသို့ ညွှန်းပို့ရမည့်အကြောင်း သတင်းအချက်အလက်များစသည်တို့ အပါအဝင် အခြေခံသဘောတရားများနှင့် နည်းဗျူဟာများကို သိရှိနေခြင်း။
- ✔ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရာတွင် အသုံးပြုသည့်ဘာသာစကားတို့အတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကလေးများနှင့် လူငယ်များကိုယ်တိုင်အပါအဝင် ရပ်ရွာလူထုနှင့် ဆွေးနွေး တိုင်ပင်ခြင်း။
- ✔ သင့်လျော်သော သင်ယူမှုဆိုင်ရာ (အောင်) လက်မှတ်များကို အချိန်မီ ထုတ်ပေးပြီးလက်မှတ်များကို ဒေသခံနှင့် မူရင်းနေရပ်အာဏာပိုင်များမှ အသိအမှတ်ပြုမှု ရရှိရန် ဆောင်ရွက်ပေးခြင်း။

ဆရာများနှင့် အခြားပညာရေး ဝန်ထမ်းများ

- ✔ ဆရာများနှင့် ဆရာမများအားရွှေ့ပြောင်းနေထိုင်ရသူများထဲမှ သတ်မှတ်ရွေးချယ်ထားခြင်း။
- ✔ ရပ်ရွာလူထုများ၊ နိုင်ငံအာဏာပိုင်များနှင့်အတူ သဘောတူညီထားသည့်အတိုင်း ဆရာများသည် ၎င်းတို့၏ အလုပ်အတွက် လစာနှင့် အခြား အစားထိုးခံစားခွင့်များ အလုံအလောက်ခံစားခွင့်ပြုထားခြင်း။
- ✔ ဆရာများသည် ကလေးများ နှစ်သက်ပျော်ရွှင်မည့် သင်ကြားနည်း၊ အဓိကကျသော အသက်ကယ် တင်နိုင်သည့် သတင်းအချက်အလက်များနှင့် အမျိုးသားပညာရေးစနစ်နှင့်ကိုက်ညီသော အခြားသက်ဆိုင်ရာသင်ရိုးညွှန်းတမ်းအကြောင်းအရာများအကြောင်းကို ပုံမှန်သင်တန်းများ ရရှိနေခြင်း။
- ✔ ဆရာဖြစ်သင်တန်းလက်မှတ်များကို ပေးအပ်ပြီး ရွှေ့ပြောင်းနေထိုင်ရသောလူထုထဲမှ ဆရာများအတွက် ဒေသခံ အာဏာပိုင်အဖွဲ့များထံမှအသိအမှတ်ပြုလက်မှတ် တောင်းခံရယူပေးခြင်း။
- ✔ ကျင့်ဝတ်စည်းမျဉ်းတစ်ရပ်ကို ဆရာများနှင့် ကျောင်းသားများ စုပေါင်း၍ ပြုစုထားခြင်း။ ဆရာများနှင့် အခြားပညာရေးဝန်ထမ်းများအားထိုကျင့်ဝတ်စည်းကမ်းများအကြောင်းနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အဓိက မူဝါဒများကို လေ့ကျင့်သင်ကြားပေးခြင်း။
- ✔ ပညာရေးအစီအစဉ်ရေးဆွဲရာတွင် ဆရာများ၏ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး၊ ဆရာများအတွက်ဆရာအချင်းချင်းထောက်ပံ့ကူညီမှု အုပ်စုများဖွဲ့စည်းရေးကိုအားပေးခြင်း။
- ✔ ဆရာများကို ထောက်ပံ့ကူညီရန်၊ ကျောင်းသားများကို အားပေးရန်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအားမြှင့်တင်ပေးရန် တို့အတွက် သင့်လျော်ပါက ယုံကြည်စိတ်ချရသော ရပ်ရွာထဲမှ လူများကို စေတနာ့ဝန်ထမ်း စာသင်ခန်းလက်ထောက်အဖြစ် အလုပ်လုပ်နိုင်ရန် သတ်မှတ်ရွေးချယ်ခြင်း။

အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ အားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၄င်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၄င်း ရရှိနိုင်ပါသည်။

- Global Education Education, 2011. Education:An Essential Component of Humanitarian Response
- Global Education Cluster, 2010. The Short Guideto Rapid Education Joint Needs Assessments
- International Network for Education in Emergencies (INEE).Map - Foundational Standards
- INEE, 2009. Guidance Notes on Teacher Compensation inFragile States, Situations of Displacement and Post-CrisisRecovery
- INEE, 2010. Pocket Guide to Gender
- INEE, 2010. Pocket Guide to Inclusive Education
- INEE, 2010. Pocket Guide to Supporting Learnerswith Disabilities
- INEE, Global Education Cluster, Child Protection Sub-Cluster,IASC Reference Group on Mental Health and Psychosocial Support, 2011. Guidelines for Child Friendly Spaces inEmergencies

ရည်ညွှန်းစာအုပ်စာတမ်းများ

- 1989. Convention on the Rights of the Child
- Inter-Agency Standing Committee (IASC), 2007.Guidelines on Mental Health and Psychosocial Supportin Emer-

gency Settings (Section 7 relates specifically toeducation)
- INEE, 2010. Guidance Notes on Safer School Construction
- INEE, 2010. Guidance Notes on Teaching and Learning
- INEE, 2012. Minimum Standards for Education:Preparedness, Response, Recovery
- INEE, 2013. Conflict Sensitive Education Resource Pack
- INEE, 2013. Engaging Youth-Led and Youth-FocusedOrganizations in Disaster Relief Efforts
- Plan International, 2013. Early childhood care anddevelopment in emergencies: A programme guide
- United Nations Educational, Scientific and CulturalOrganisation (UNESCO), 2006. Practical Tips for TeachingLarge Classes – A Teacher's Guide
- UNESCO, 2009. Certification Counts:Recognizing the Learning Attainments of displaced and refugee students
- UNESCO, 2009. Guidelines for the Design andEffective Use of Teacher Codes of Conduct
- UNESCO, 2011. Education and Displacement:Assessing Conditions for Refugees and Internally DisplacedPersons affected by Conflict
- UNESCO, 2011. EFA Global Monitoring Report 2011:The hidden crisis: Armed conflict
- UNESCO, 2013. EFA Global Monitoring Report Policy Paper10: Children Still Battling to Go To School
- United Nations Refugee Agency (UNHCR), 2011. RefugeeEducation: A Global Review
- UNHCR, 2012. Education Strategy 2012-2016
- UNICEF, 2007. The Participation of Children andYoung People in Emergencies
- Women's Commission for Refugee Women and Children,2006. Right to Education during Displacement – a Resourcefor Organizations Working with Refugees andInternally Displaced Persons